ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ (15-2-2015) (၈၁၁၇)

ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ တိုင်းသူပြည်သားညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လိုတယ်။ *(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ်နီကိုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇန်ဒြား ဗူစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

နမ့်စန်	၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅	ဒီဂရီစင်တီဂရိတ်

တပ်မတော်နှင့် မီဒီယာများအကြား သတင်းထုတ်ပြန်မှု တိုးမြှင့်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယနေ့ဒီမိုကရေစီလမ်းကြောင်းကို အားလုံးလျှောက်လှမ်းနေချိန်တွင် တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရမည်ဖြစ်ကြောင်း၊ အလားတူ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများနှင့်လည်း ထိတွေ့ဆက်ဆံရမည်ဖြစ်ပါကြောင်း၊ ယခင်က တပ်မတော်၏ သဘောအရပြောသင့်ပြောထိုက်သည်များကိုသာပြောခြင်းကြောင့် သတင်းထုတ်ပြန်ရာတွင် ပြည်သူကမသိရှိသည်များ၊ အချက်အလက်မပြည့်စုံမှုများ၊ နားလည်မှုလွဲမှားခြင်းများရှိခဲ့ပါကြောင်း၊ ယခုသတင်းမီဒီယာနှင့် တပ်မတော် ထိတွေ့ဆက်ဆံမှုများကြောင့် တပ်မတော်၏ လုပ်ဆောင်ချက်များကို မီဒီယာများမှတစ်ဆင့် ပိုမိုပျံ့နှံ့စွာ သိရှိစေပါကြောင်း၊ မီဒီယာအပိုင်းတွင်လည်း သဘောထားပြောင်းလဲလာမှုများ တွေ့ရှိရပါကြောင်း၊ တပ်မတော်နှင့်မီဒီယာများအကြား သတင်းထုတ်ပြန်မှုဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လတ်တလောဖြစ်ပွားနေသည့် လောက်ကိုင်ကိစ္စနှင့်ပတ်သက်၍ အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း၊ ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ လက်နက်ထုတ်လုပ်မှုသတင်းများရရှိခဲ့ကြောင်း၊ ယင်းကိစ္စအားစိစစ်ရာ ကိုးကန့်ဒေသရှိ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ သတင်းထုတ်ပြန်ရေးအဖွဲ့

ထုတ်ပြန်ကြေညာချက်အမှတ်(၆/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁)ရက်

(၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်၍ လောက်ကိုင်နယ်မြေအတွင်း ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုများသည် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတနိုင်ငံတော်တည်ဆောက်ရေးကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်လာခဲ့သည်ကို တပ်မတော်က ဟန့်တားတိုက်ခိုက်ခဲ့သည်။

၂။ လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အသက်ခန္ဓာပေးလှူပြီး စွန့်လွှတ်စွန့်စားရဲဝံ့စွာ ဆောင်ရွက်ခဲ့ကြသော တပ်မတော်သားများအားလည်းကောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်၏ ဆောင်ရွက်မှုများကိုလည်းကောင်း ထောက်ခံဂုဏ်ပြုချီးကျူးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

ဟိုင်းကြီးကျွန်းတံတား အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်

သတင်း စာမျက်နှာ » ၈

2008 GLOBAL EXCELLENCE AWARDS

2009 PEOPLE'S CHOICE AWARDS

MRTV

ကြေးမုံစာတည်းရှုထောင့် ၁၅-၂-၂၀၁၅၊ တနင်္ဂနွေနေ့

တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံတစ်နိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ၏လူမှုဘဝ မြင့်မားတိုးတက်ကာ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် သူ့နည်းသူ့ဟန် သူ့အခြေအနေအလိုက် ကြိုးပမ်းဆောင်ရွက်ကြသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကိုကြည့်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းနေသည်ကို တွေ့ရသည်။ စီးပွားရေးလုပ်ငန်းများကို မည်သည့်နေရာဒေသတွင်မဆို လွတ်လပ်စွာလုပ်ကိုင်ကြသည်။ တိုးတက်အောင် လုပ်ကိုင်ကြသည်။ ထိုအခါ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရလာပြီး မိသားစုဘဝပြည့်စုံဖူလုံနေသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ဘဝအတွက် ဖူလုံပြည့်စုံနေသလို အဆင့်အတန်းရှိရှိ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသအောင် ပြုမူနေထိုင်တတ်ကြသည်ကို တွေ့ရသည်။

စီးပွားရေးမဖွံ့ဖြိုးသောနိုင်ငံများ၏ အခြေခံအကြောင်းတရားများကို ကြည့်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိခြင်းက အစပြုသည်ကို အများဆုံးတွေ့ရှိရသည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်းကြောင့် အလုပ်အကိုင်ကို ကောင်းစွာမလုပ်ကိုင်နိုင်သည့်အပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း မရရှိနိုင်ကြချေ။ စီးပွားရေးမဖွံ့ဖြိုးသောအခါ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာနိမ့်ကျနိုင်သည်။ ထို့အပြင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းလာပြီး အမုန်းသံသရာ၊ ဆင်းရဲသံသရာ မဆုံးနိုင်ဖြစ်ရသည်။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးမရခင်က သွေးခွဲအုပ်ချုပ်ခံရမှု၊ လွတ်လပ်ရေးရပြီးနောက်တွင်လည်း အယူဝါဒအမျိုးမျိုး၊ သဘောထားအမြင်အမျိုးမျိုး ကွဲလွဲမှုတို့ကြောင့် နှစ်ပေါင်း ၆၀ ကျော်ကြာအောင် တည်ငြိမ်အေးချမ်းမှုမရှိသော ဒေသများရှိနေဆဲဖြစ်သည်။ ထိုဒေသများတွင် ဒေသဖွံ့ဖြိုးမှုကို ခက်ခဲစွာဆောင်ရွက်ပေးသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေဆဲ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြောင့်ဖြောင့်တန်းတန်းဆောင်ရွက်ရန် ခက်ခဲနေဆဲဖြစ်သည်။

ထို့ကြောင့် အဆိုပါဒေသများတွင် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်နေသည်ကိုတွေ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်နိုင်ရေးအတွက် အမျိုးသားနိုင်ငံရေးအင်အားစုများ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နိုင်ရန် မဆုတ်မနစ်ကြိုးပမ်းနေသည်ကို တွေ့ရသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် မတူညီမှုများ၊ ကွဲလွဲမှုများ၊ လိုအပ်ချက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများရှိမည်ဖြစ်သည်။ မတူညီသောသဘောထားနှင့်ကွဲလွဲမှုများကို စေ့စပ်ဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းပြောကြားသကဲ့သို့ တိုင်းပြည်တွင် မငြိမ်မသက်ဖြစ်သည့်ကိစ္စ၊ ဆူဆူပူပူဖြစ်သည့် ကိစ္စများမှာ တိုင်းပြည်အတွက် အကျိုးရှိသည် မရှိသည်ကို မိမိတို့အထပ်ထပ်စဉ်းစားကြရမည်။ ဆူပူသောင်းကျန်းမှုများကို တိုင်းပြည်ချစ်သည့်သူမှန်သမျှ ဝိုင်းဝန်းနှိမ်နင်းရမည်။ တိုင်းသူပြည်သားညီညွတ်ရေး၊ လူထုညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီး လုပ်ကြရမည်။

လက်ရှိတွင် ထာဝရငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် အမျိုးသားနိုင်ငံရေးအင်အားစုများ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးတို့သည် လက်ဝယ်ရရှိထားသော အောင်မြင်မှုများ အရှိန်အဟုန်လျော့ကျသွားခြင်း မရှိစေရန်အတွက် ကျရာကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ တည်ငြိမ်အေးချမ်းသော နိုင်ငံတော်အဖြစ် ထာဝရရပ်တည်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချလုပ်ကိုင်နိုင်ကာ ပြည်သူအားလုံး စီးပွားရေးမြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ကိုယ်စားလှယ်များ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်တွင် ကျင်းပသည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဂုဏ်ပြုညစာစားပွဲတွင် တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြသော ယဉ်ကျေးမှုအဖွဲ့ဝင်များအနက် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များသည် တည်းခိုရေးစခန်းအမှတ်(၇)(ရွာတော်)မှ ယနေ့နံနက်ပိုင်းတွင် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြသည်။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် မော်တော်ယာဉ်များ မထွက်ခွာမီ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အပြန်ခရီးအတွက် လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယဉ်ကျေးမှုအဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်သည်။

ရှမ်းပြည်နယ်မှ ယဉ်ကျေးမှုကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းနှင့် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သောဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်ဗစ်ကာဒါစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထုံးအိုင်တိုက်နယ်ဆေးရုံ သံဃာဆေးကုသဆောင်ဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၁၄

ကရင်ပြည်နယ် ဘားအံခရိုင် ထုံးအိုင်စံပြကျေးရွာတိုက်နယ်ဆေးရုံ သံဃာဆေးကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်နံနက် ၈ နာရီတွင် အဆိုပါဆေးကုသဆောင်သစ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ထုံးအိုင်တိုက်နယ်ဆေးရုံသံဃာဆေးကုသဆောင်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်တင်ငွေက ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆေးကုသဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးက လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက လက်ခံရယူသည်။

အဆိုပါသံဃာကုသဆောင်သစ်အားထုံးအိုင်ရွာပေါ်ရှိဘုန်းတော်ကြီးကျောင်းကိုးကျောင်းနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ရဟန်းသံဃာတော်များ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဆင်ပြေစွာဆေးကုသမှုခံနိုင်ရေးအတွက် သံဃာတော်များနှင့် ပြည်သူလူထုထည့်ဝင်ငွေ အလှူငွေကျပ်သိန်း ၁၄၀ ကျော်ဖြင့် အလျား ၂၈ ပေ၊ အနံ ၁၅ ပေ ရှိ RCတစ်ထပ် အဆောက်အအုံကို ကိုယ်အားကိုယ်ကိုးဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်သော ဖေဖေ ဦးရဲသောင်း[လက်ထောက်မန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)]နှင့် ချစ်သော မေမေ ဒေါ်မြင့်မြင့်ကြည်(အလပြ-ငြိမ်း)တို့၏၁၂-၂-၂၀၁၅ ရက်(ပြည်ထောင်စုနေ့)တွင် ကျရောက်ခဲ့သော ပတ္တမြားရတု မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ပြီး အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက် ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါ သည်။

သမီးကြီး-ကိုထွဋ်-မဇာ(ပန်းသဇင်ဖိနပ်ဆိုင်)
သား-ကျော်ဇင်ဟိန်း-ချောချော(ဖိနပ်လုပ်ငန်း)
သမီးငယ်-ထူးနွယ်ဟန် **B.A (Eng), Dip in YuFL**
မြေး-အေးသံစဉ်ထွဋ် **Pre-School(ILBC)**

တစ်ဦးတည်းဖြစ်ကြောင်း
အဝေးသင်တက္ကသိုလ်(မော်လမြိုင်ဌာနခွဲ)မှ ပထဝီဝင်အထူးပြု ဒုတိယနှစ်ကျောင်းသား မောင်အောင်နန်းစိုး၏ ဖခင်အမည်မှာ ဦးဇော်မင်း (ခ) ဦးဇော်မင်းဦး အမည်နှစ်မျိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မွေးနေ့ဆုတောင်း

ဦးစိုးနိုင်(မန်နေဂျင်းဒါရိုက်တာ)
(MSK) မြန်မာရွှေကိန္နရီကုမ္ပဏီလီမိတက်

ချစ်ခင်ပွန်းကိုကြီး၏ ၁၁-၂-၂၀၁၅ ရက်တွင် ကျရောက်ခဲ့သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့ပြည့်စုံသော မိသားစုဘဝဖြင့် အများအကျိုး၊ သာသနာ့အကျိုးကို ချစ်သောမိသားစုနှင့်အတူ တကွ သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ တောင်းဆုခြွေလျက်-

ချစ်ဇနီး-မီး(ခ)ဒေါ်တင်မိုးစမ်း
ချစ်သားကြီး-ကျော်ဇင်လင်း
ချစ်သမီးငယ်-ထက်အင်ကြင်း

ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

ခေါင်းဆောင်များမှ မဟုတ်မှန်ဟု ငြင်းဆိုခဲ့ကြောင်း၊ မိမိတို့မှ လက်နက်စက်ရုံနေရာ၊ ခဲတပ်ပုံအထောက်အထားများ ထပ်မံရရှိ၍ မေးမြန်းသော်လည်း ဆက်လက်ငြင်းဆိုခဲ့ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စေလွှတ်၍ စစ်ဆေးရန်ဆောင်ရွက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီးထားခြင်းကြောင့် ပြဿနာစတင်ဖြစ်ပွားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့သည် Law Enforcement Person ဖြစ်၍ နိုင်ငံတကာတွင်လည်း ယင်းသို့ဖမ်းဆီးမှုမျိုးအား ခွင့်ပြုနိုင်ခြင်းမရှိသဖြင့် တပ်မတော်က ဝင်ရောက်ရှင်းလင်း တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ တိုက်ပွဲဖြစ်စဉ်များတွင် လက်နက်ကြီးမျိုးစုံ ခုနစ်လက်၊ လက်နက်ငယ်မျိုးစုံ ၁၆၈၇ လက်၊ မိုင်းမျိုးစုံ ၇၉၀၄ လုံး၊ ခဲယမ်းမျိုးစုံ ၁၈၇၇၇၈၁ တောင့်၊ မူးယစ်ဆေးပြား ၁၅၇၄၀၀ ကျော်နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့ကြောင်း။

တိုက်ပွဲဖြစ်ပွားမှုနှင့်အတူ ဖုန်ကြားရှင်နှင့်အဖွဲ့သည် ဖမ်းဆီးထားသည့်ရဲတပ်ဖွဲ့ဝင် ၁၄ ဦးအား ရက်စက်စွာသတ်ဖြတ်၍ တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၎င်းမှတစ်ဆင့် အထူးဒေသ-၄ မိုင်းလားတွင် သွားရောက်ခိုလှုံခဲ့ကြောင်း၊ လောက်ကိုင်ဒေသတွင် ၂၀၀၀ ပြည့်နှစ်ကာလခန့်က ကိုးကန့်အဖွဲ့အတွင်း ဖုန်ကြားရှင်နှင့် ရန်မိုးလျံ အာဏာလုမှုပြဿနာများရှိခဲ့ကြောင်း၊ ယင်းဒေသ၌ တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းခဲ့ပြီး အထူးသဖြင့် လူများဖမ်းဆီးမှု၊ ပြစ်ဒဏ်စီရင်မှုများတွင် ဥပဒေနှင့်ညီညွတ်မှု လုံးဝမရှိကြောင်း၊ ဖုန်ကြားရှင်သည် လောက်ကိုင်ဒေသ၌ အာဏာရှိခဲ့သည်ကို မစွန့်လွှတ်လိုသဖြင့် ၂၀၁၃ ခုနှစ်ခန့်မှစတင်၍ အင်အားပြန်လည် စုစည်းတည်ဆောက်မှုသတင်းများရရှိခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ နယ်စပ်ဒေသမှ လူမျိုးတူနှင့် ယင်းတို့၏ စစ်မှုထမ်းဟောင်းအချို့အပါအဝင် လောက်ကိုင်ဒေသသို့ ဝင်ရောက်ခဲ့မှုများရှိကြောင်း၊ ၎င်းတို့သည် လောက်ကိုင်ဒေသတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကြံ၊ လက်ဖက်၊ ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းများ၊ စီးပွားရေးအတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းတို့တွင် လုပ်သားများအဖြစ် ဝင်ရောက်လာခြင်းဖြစ်ကြောင်း။

ထို့နောက် ယင်းကိုးကန့်တိမ်းရှောင်အင်အားစုများသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း အခြားလက်နက်ကိုင်အင်အားစုများနှင့်ပူးပေါင်းပြီး စုဖွဲ့လှုပ်ရှားမှုများပြုလုပ်လာကြောင်း၊ ဒေသခံများ၏ သတင်းပေးချက်အရ ယင်းလှုပ်ရှားမှုများသည် ယောင်ပြသာဖြစ်ပြီး အဓိကရည်မှန်းချက်မှာ လောက်ကိုင်အား တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်ကြောင်းကို သတင်းများရရှိခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် တောက်ရွှေကျေးရွာ ပြည်သူ့စစ်တို့ထံမှ လက်နက်ရှစ်လက် သိမ်းယူသွားခဲ့ရာ တပ်မတော်က လိုက်လံရှင်းလင်းစဉ် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့၍ လေကြောင်းပစ်ကူများ ဆောင်ရွက်ခဲ့ရပြီး ထိခိုက်ကျဆုံးမှုများလည်း ရှိခဲ့ကြောင်း၊ တိုက်ပွဲဖြစ်စဉ်ထိခိုက်မှု အသေးစိတ်အခြေအနေကိုလည်း ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်ထားပါကြောင်း၊ လောက်ကိုင်ဖြစ်စဉ်သည် အချုပ်အခြာအာဏာနှင့်သက်ဆိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ ဖုန်ကြားရှင် ဦးဆောင်သည့် ကိုးကန့်တိမ်းရှောင်အဖွဲ့သည် လောက်ကိုင်ဒေသအား တိုက်ခိုက်သိမ်းပိုက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့အား ဖြုတ်ချ၍ အာဏာသိမ်းရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အစိတ်အပိုင်းတစ်ခုအား တိုက်ခိုက်လာခြင်းဖြစ်၍ တပ်မတော်အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း၊ လုံးဝလျှော့၍ မရကြောင်း။

မိမိတို့ရရှိထားသော အထောက်အထားများအရ လောက်ကိုင်ဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ပါဝင်မှုများရှိနေ၍ ယင်းအတွက်လည်း သက်ဆိုင်ရာအဖွဲ့များအနေဖြင့် တာဝန်ယူရမှာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအား ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးရန် ကြိုးစားခဲ့ကြောင်း၊ မိမိကိုယ်တိုင်လည်း အဆိုပြုတင်ပြခဲ့ကြောင်း၊ ယင်းမှာ လက်နက်ချရန်ပြောခြင်းမဟုတ်ကြောင်း၊ အပစ်အခတ်ရပ်စဲပြီး ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် DDR လုပ်ငန်းစဉ်အတိုင်း သွားရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် NCA လက်မှတ်မထိုးနိုင်ဘဲ ဆက်လက်လုပ်ဆောင်မည့် ကတိကဝတ်သာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် ရပ်နေ၍မရကြောင်း၊ မိမိတို့က နောက်ကျနေသဖြင့်အခြားသူများထက်သာအောင် လှမ်းနိုင်မှ အမီလိုက်နိုင်မှာဖြစ်ကြောင်း။

ငြိမ်းချမ်းရေးကိစ္စ လက်မှတ်ရေးထိုးရန် အများကဆန္ဒရှိပါကြောင်း၊ မိမိတို့ကလည်းငြိမ်းချမ်းရေးကိစ္စတွင် နည်းလမ်းမျိုးစုံမှ စဉ်းစားပြီး ဖြစ်နိုင်ဖွယ်ရာအားလုံးကို လိုက်လျောဆောင်ရွက်နေပါကြောင်း၊ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံတွင်ပြုလုပ်သည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေး (ACDFIM) အာဆီယံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြပါကြောင်း၊ ယင်းအစည်းအဝေးကိုလည်း အလွတ်သဘောအစည်းအဝေးမှ တရားဝင်အစည်းအဝေးဟု ပြောင်းလဲရန် အဆိုပြုကြပါကြောင်း၊ ၂၀၁၆ ခုနှစ် ACDFIM အစည်းအဝေးအား လာအိုနိုင်ငံတွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်တွင်းသတင်းမီဒီယာများ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်တွင်း သတင်းမီဒီယာများဖြစ်သော Sky Net၊ Tomorrow၊ 7Day၊ Messenger၊ Yangon Time နှင့် Eleven တို့မှ တာဝန်ရှိသူများသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သီးခြားစီတွေ့ဆုံမေးမြန်းသည်။

ထိုသို့ တွေ့ဆုံရာတွင် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပျဉ်းမနားမြို့နယ်အတွင်းရှိ သက်ကြီးအဘွားများအား ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများ အိမ်တိုင်ရာရောက် လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်မေစိုးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါ်သွဲ့သွဲ့ဝင်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးယဉ်မြင့်နှင့် ဒက္ခိဏခရိုင်နှင့် ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ရွှေပြည်သာယာကျေးရွာသို့ သွားရောက်၍ အသက် (၁၀၈) နှစ်ရှိ အဘွား ဒေါ်သောင်းအား ထောက်ပံ့ငွေနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ၊ ဆေးဝါးများကို အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းသည်။ **(ဝဲပုံ)**

ထို့နောက် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များသည် ဝဲကြီးကျေးရွာသို့သွားရောက်၍ သက်ကြီးအဘွား လေးဦးအား ထောက်ပံ့ငွေနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ၊ ဆေးဝါးများထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် အဘွားများ၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်ကြီးဘိုးဘွားများ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုအဖြစ် အဘွား ၂၀ အား ထောက်ပံ့ငွေနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အမျိုးသားဓာတ်ခွဲခန်း(ရန်ကုန်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါ ပစ္စည်း များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၁။ ရုံးသုံးပရိဘောဂများ

၂။ ဓာတ်ခွဲခန်းသုံး ပရိဘောဂများ

အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၉-၂-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း အမျိုးသားဓာတ်ခွဲခန်းတွင် လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၁-၆၆၇၃၇၂၊ ၆၆၇၂၄၇
အမျိုးသားဓာတ်ခွဲခန်း
အမှတ်(၆)၊ ကမ္ဘာအေးစေတီလမ်း
မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနဝင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အမျိုးသားဓာတ်ခွဲခန်း(ရန်ကုန်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါ ပစ္စည်း များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၁။ UHPLC Column များ (Flexar FX-15)

၂။ GC Column များ (Clarus 680)

၃။ ဓာတ်ခွဲခန်းသုံး Chemical များ

အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၉-၂-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း အမျိုးသားဓာတ်ခွဲခန်းတွင် လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၁-၆၆၇၃၇၂၊ ၆၆၇၂၄၇
အမျိုးသားဓာတ်ခွဲခန်း
အမှတ်(၆)၊ ကမ္ဘာအေးစေတီလမ်း
မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနဝင်း

ဖြိုးမင်း
ခြံမြေတိုက်တာလုံးချင်း အထွေထွေအကျိုးဆောင်လုပ်ငန်း

* 15'x55'x8'(H/K) ဒု/တ(လွှာ)ပြင်ဆင်ပြီး၊ ကြည့်မြင်တိုင်ကမ်းနားလမ်းမပေါ် — ရောင်း/ငှား
* တ/ဥက္ကလာ၊ (၅)ရပ်ကွက်၊ လမ်းသန့်၊ ဂရန်ပါ၊ ရေမီးစုံ (10x60)ပေ တစ်ထပ်ခွဲလုံးချင်း — ရောင်း
* (17x60x9)ပေ (ပ)ထပ်၊ ရေကျော်လမ်းမပေါ် — ရောင်း
* (18x55)ပေ မြေညီထပ်မှအပေါ်ဆုံးထိ ကြိုက်ရှိုင်း တိုက်ခန်းများ၊ မြောက်ဒဂုံ (၃၁)ရပ်ကွက် — ရောင်း
* (20x 60)ပေ တောင်ဒဂုံ၊ (၅၆/၁၀၇)ရပ်ကွက်၊ လုံးချင်း၊ ရေမီးစုံ၊ ပါမစ်ပေါက် — ရောင်း

ဖုန်း-၀၉-၇၃၀၉၉၃၃၄၊ ၀၉-၂၅၄၁၁၄၆၅၄၊ ၀၉-၂၅၀၄၂၇၁၂၈

ယူကရိန်းငြိမ်းချမ်းရေးစာချုပ် အန္တရာယ်နှင့် ရင်ဆိုင်နေရဟု သမ္မတ သတိပေး

ကိယက် ဖေဖော်ဝါရီ ၁၄

ယူကရိန်းနိုင်ငံတွင် စနေနေ့ ညအပစ်အခတ်ရပ်စဲရေး မတိုင်မီ အပြင်းအထန်တိုက်ခိုက်ကြခြင်းကြောင့် နိုင်ငံအရှေ့ပိုင်းတွင် ဖြစ်ပွားလျက်ရှိသောစစ်ပွဲကို အဆုံးသတ်စေသော ငြိမ်းချမ်းရေးသဘောတူစာချုပ်သည် ကြီးမားသောအန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ယူကရိန်းသမ္မတက သတိပေးလိုက်သည်။

ကြာသပတေးနေ့တွင် ဘီလာရုနိုင်ငံ မင့်(စ်)မြို့၌ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့လင့်ကစား ရုရှားနိုင်ငံသည် ၎င်း၏ တိုက်ခိုက်မှုကို တိုးမြှင့်လျက်ရှိသည်ဟု ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုက စွပ်စွဲသည်။

တစ်ချိန်တည်းမှာပင် နယ်စပ်ကိုဖြတ်ကျော်၍ ရုရှားနိုင်ငံမှ လက်နက်ကြီးများဖြင့် ဝင်ရောက်လျက်ရှိသည်ဟူသော သတင်းအပေါ် အလွန်စိုးရိမ်ပူပန်ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောသည်။

သောကြာနေ့တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် အရပ်သားတစ်ဒါဇင်ကျော်သေဆုံးခဲ့သည်ဟု ပြောသည်။ ယင်းသို့ပစ်ခတ်မှုမှာ မည်သည့်ဘက်မှဖြစ်သည့်အကြောင်းကိုမူ ရှင်းလင်းစွာမသိရပေ။

အရှေ့ပိုင်းဒွန်းတက်နှင့် လူဟန့်တွင် ယူကရိန်းတပ်ဖွဲ့နှင့် ရုရှားလိုလားသောသူများသည် လူနေရပ်ကွက်အတွင်းသို့ ပစ်ခတ်ကြသည်ဟု တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲကြသည်။

နယူးယောက်မြို့တွင်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ်ကို အကောင်အထည်ဖော်ရေး ဆွေးနွေးကြရန် တနင်္ဂနွေနေ့တွင် အရေးပေါ်စည်းဝေးကြမည်ဖြစ်သည်။

ဘီဘီစီ။

အတိုက်အခံများ၏စွပ်စွဲမှုကြောင့် ချီလီသမ္မတ၏သား ရာထူးမှနုတ်ထွက်

ဆန်တီယာဂို ဖေဖော်ဝါရီ ၁၄

ချီလီသမ္မတ မစ်ချယ်လီဘတ်ချီလတ်၏သားဖြစ်သူ ဆီဘတ်စ်ရှင်း ဒီဗက်လိုစ်သည် ဇနီးသည်အတွက် ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းထုတ်ယူခွင့်ရရန် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးချခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် အများအကျိုးဆောင်ရွက်သည့် အစိုးရပိုင်အဖွဲ့တစ်ခု၏ အကြီးအကဲရာထူးမှ နုတ်ထွက်ခဲ့သည်။

ဒီဗက်လိုစ်အား အတိုက်အခံပါတီဝင်များက စွပ်စွဲခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဇနီး ဦးဆောင်သည့်ကုမ္ပဏီက ငွေအမြောက်အမြားသုံးစွဲကာ မြေကွက်အရောင်းအဝယ်လုပ်ခဲ့သည်။

ဒီဗက်လိုစ်အနေဖြင့် မှားယွင်းသောလုပ်ရပ်များကို မလုပ်ခဲ့ကြောင်းနှင့် ယခု ပြဿနာသည် သူ့အတွက် ကံကြမ္မာဆိုးတစ်ခုဖြစ်ကြောင်း ချီလီအမျိုးသားဘဏ်က ဆိုသည်။

သူ၏ရာထူးမှနုတ်ထွက်ခဲ့မှုကြောင့် ချီလီအစိုးရအဖွဲ့နှင့် ၎င်း၏မိခင်ဖြစ်သူ သမ္မတမစ်ချယ်လီဘတ်ချီလတ်အား ဒီဗက်လိုစ်ကတောင်းပန်ခဲ့သည်။

သမ္မတမစ်ချယ်လီဘတ်ချီလတ်သည် ချီလီနိုင်ငံ၏ပထမဆုံးအမျိုးသမီးသမ္မတဖြစ်သည်။ ၂၀၀၆-၁၀ ခုနှစ်တွင် သမ္မတရာထူးကို ပထမအကြိမ်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ခုနှစ် မတ်လမှစပြီး ဒုတိယအကြိမ်အဖြစ် တာဝန်ထမ်းရွက်ဆဲဖြစ်သည်။ **ဘီဘီစီ။**

တရုတ်သမ္မတ ပါကစ္စတန်သို့ သွားမည်ဟုဆို

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၄

တရုတ်သမ္မတ ပါကစ္စတန်သို့ မလာရောက်မီ အကြိုခရီးစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့်အဖွဲ့ဝင် ၁၁ ဦးပါသော ကိုယ်စားလှယ်အဖွဲ့သည် အစ္စလာမ္မာဘတ်မြို့သို့ တရားဝင်လာရောက်ခဲ့ပြီး ယင်းခရီးစဉ်သည် သောကြာနေ့တွင် ပြီးဆုံးခဲ့သည်။

တောင်အာရှဒေသတွင် မဟာဗျူဟာချိန်ခွင်လျှာ ညီမျှနေမှုကို ထိန်းသိမ်းထားရှိရန် လိုအပ်သည်ဟူသောအချက်အား ပါကစ္စတန်နှင့် တရုတ်နှစ်နိုင်ငံလုံးက လက်ခံသဘောတူကြသည်။

မစ္စတာဝမ်ယိသည် နိုင်ငံခြားရေးဝန်ကြီးတာဝန် ထမ်းဆောင်ချိန်မှစ၍ ယခုခရီးစဉ်သည် ပါကစ္စတန်နိုင်ငံသို့ ပထမဆုံးသော တရားဝင်ခရီးစဉ်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ယင်းခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည် ယခုနှစ်စောစောပိုင်း၌ သမ္မတရှီကျင့်ဖျင် ပါကစ္စတန်သို့ လာရောက်မည့်ခရီးအတွက် အကြိုစီစဉ်နိုင်ရန်ဖြစ်သည်။

အစ္စလာမ္မာဘတ်သို့ရောက်ရှိနေစဉ် ဝန်ကြီးဝမ်ယိသည် ပါကစ္စတန်သမ္မတမာမွတ်ဟူစိန်၊ ဝန်ကြီးချုပ်နာဝစ်ရှရစ်၊ ဝန်ကြီးချုပ်၏ လုံခြုံရေးနှင့် နိုင်ငံခြားရေးရာအကြံပေး ဆာတက်ဂျ်အဇစ်၊ ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရာဟီးရှာဖစ်တို့နှင့် တွေ့ဆုံခဲ့သည်။

ဘီဘီစီ။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းမှ ဂွမ်ဘီမြို့ကို ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့ တိုက်ခိုက်

အဘူဂျာ ဖေဖော်ဝါရီ ၁၄

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ဂွမ်ဘီမြို့ကို ဘိုကိုဟာရမ် အစ္စလာမ္မစ်စစ်သွေးကြွတပ်ဖွဲ့များက ဖေဖော်ဝါရီ ၁၄ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမားများက အဆိုပါမြို့၏ အစွန်အဖျားတွင်ရှိသော စစ်ဆေးရေးစခန်းအား ဖောက်ခွဲရေးပစ္စည်းများနှင့် သေနတ်များကို အသုံးပြုကာ အပြင်းအထန်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့ဝင်များက ယင်းသို့တိုက်ခိုက်လာသော စစ်သွေးကြွများအား လေတပ်ဂျက်တိုက်လေယာဉ်များ၏ ပစ်ကူပေးမှုဖြင့် စစ်သွေးကြွများ ပြန်လည်ဆုတ်ခွာရေးအတွက် ကြိုးပမ်းခဲ့ကြကြောင်း ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် သောင်းကျန်းသူများ၏ ပုန်ကန်ထကြွမှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရခြင်းကြောင့် ယင်းနိုင်ငံတွင် ကျင်းပမည့် သမ္မတရွေးကောက်တင်မြှောက်ရေး မဲဆန္ဒခံယူပွဲကို မူလသတ်မှတ်ရက်ဖြစ်သည့် ဖေဖော်ဝါရီ ၁၄ ရက်မှ ရွှေ့ဆိုင်းထားခဲ့ရသည်။

ဂွမ်ဘီပြည်နယ်၏မြို့တော် ဂွမ်ဘီသည် ယခင်ကာလများက အသေခံဗုံးခွဲတိုက်ခိုက်မှုများ၏ဒဏ်ကို ခံစားခဲ့ရပြီး ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့များ၏ စစ်ရေးအရတိုက်ခိုက်မှုကိုမူ ပထမဆုံးအကြိမ် တွေ့ကြုံခဲ့ရခြင်းဖြစ်ကြောင်း သတင်းထောက်များက ပြောကြားကြသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများက ပြည်နယ်မြို့တော် ဂွမ်ဘီနှင့် ကီလိုမီတာ ၄၀ (၂၅မိုင်)အကွာရှိ ဒါဒင်ကိုဝါမြို့ကို ပထမဆုံးအကြိမ် တိုက်ခိုက်ခဲ့သည်ဟု သတင်းများတွင်ဖော်ပြသည်။

နိုင်ဂျီးရီးယားမြေပြင်တပ်ဖွဲ့ဝင်များသည် လေတပ်၏ အထောက်အကူပေးမှုဖြင့် စစ်သွေးကြွတပ်ဖွဲ့ဝင်များ အဆိုပါပြည်နယ် မြို့တော်အတွင်း ဝင်ရောက်ခြင်း မရှိရေးအတွက် တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ **ဘီဘီစီ။**

ပြင်သစ် ရာဖေးလ်တိုက်လေယာဉ် ၂၄ စင်း အီဂျစ်ဝယ်ယူ

ပါရီ ဖေဖော်ဝါရီ ၁၄

ပြင်သစ်နိုင်ငံက အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ဘီလီယံတန်ဖိုးရှိ ရာဖေးလ်တိုက်လေယာဉ် ၂၄ စင်းကို အီဂျစ်နိုင်ငံသို့ ရောင်းချရန် သဘောတူစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အဆိုပါသဘောတူစာချုပ်ချုပ်ဆိုခြင်းသည် ပြင်သစ်နိုင်ငံကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီအတွက် ရလဒ်ကောင်းတစ်ခုပင် ဖြစ်သည်။ ယင်းကုမ္ပဏီသည် တိုက်လေယာဉ်များရောင်းချရန် နိုင်ငံတကာ၏ ကမ်းလှမ်းချက်ကို နှစ်ပေါင်းများစွာစောင့်ဆိုင်းနေသည်။ စာချုပ်တွင် ရေတပ်စစ်သင်္ဘောတစ်စင်းနှင့် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကိုလည်း ဝယ်ယူရန် သဘောတူခဲ့သည်။

အီဂျစ်နိုင်ငံကာကွယ်ရေးအဆင့်မြှင့်တင်ရေးအကောင်အထည်ဖော်ဆောင်ရာတွင် အီဂျစ်သမ္မတ အာဒယ်လ်ဖာတာ အယ်လ်ဆီစီ၏ဆုံးဖြတ်ချက်သည် ပြင်သစ်နိုင်ငံအတွက် တွက်ခြေကိုက်စေသည်။

အဆိုပါစာချုပ်ကို ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်းရက်ဗ်ဒရင်းက ဖေဖော်ဝါရီ ၁၆ ရက်တွင် ကိုင်ရိုမြို့၌ လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ယမန်နှစ်ကလည်း ပြင်သစ်နိုင်ငံက ယူရို ၁ ဘီလီယံတန်ဖိုးရှိ စစ်သင်္ဘောလေးစင်းရောင်းချရန် အီဂျစ်နိုင်ငံနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ အဆိုပါစာချုပ်သည် ပြင်သစ်နိုင်ငံအတွက်နှစ် ၂၀ အတွင်း ချုပ်ဆိုခဲ့သောစာချုပ်များအနက် ငွေကြေးအများဆုံးကမ်းလှမ်းမှုဖြစ်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် ရာဖေးလ်တိုက်လေယာဉ် ၁၂၆ စင်းကို အိန္ဒိယနိုင်ငံအားရောင်းချနိုင်ရေး မျှော်လင့်လျက်ရှိကြောင်းသိရသည်။ **ဘီဘီစီ။**

လစ်ဗျားကမ်းရိုးတန်းအနီး မုန်တိုင်းဒဏ်ခံနေရသော ရွှေ့ပြောင်းလုပ်သား ၇၀၀ ခန့်ကယ်တင်နိုင်

ရောမ ဖေဖော်ဝါရီ ၁၄

လစ်ဗျားကမ်းရိုးတန်းအနီး ရွှေ့ပြောင်းလုပ်သားများလိုက်ပါစီးနင်းလာသောမော်တော်ဘုတ်များသည် မုန်တိုင်းဒဏ်ကြောင့် နစ်မြုပ်ခဲ့ရာ ရွှေ့ပြောင်းလုပ်သား ၇၀၀ ခန့်ကို ကုန်တင်သင်္ဘောနှစ်စင်းနှင့် ကမ်းခြေစောင့်သင်္ဘောတစ်စင်းတို့က ကယ်ဆယ်ခဲ့ကြသည်။

ဘေးအန္တရာယ်ကျရောက်နေပြီဖြစ်ကြောင်း ဂြိုဟ်တုဖုန်းခေါ်ဆိုမှုကြောင့် ရောမမြို့၏ ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများစတင်ခဲ့သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူကဆိုသည်။ ယခုအပတ်အတွင်း မြောက်အမေရိကတိုက်မှ အီတလီနိုင်ငံသို့ ဝင်ရောက်ရန် ပင်လယ်ဖြတ်ကူးခဲ့သည့် ရွှေ့ပြောင်းလုပ်သား ၃၀၀ကျော် မုန်တိုင်းဒဏ်ခံရပြီး မော်တော်ဘုတ်နစ်မြုပ်ကာ သေဆုံးခဲ့သည်။ ယခုရက်သတ္တပတ်မှစပြီး ရာသီဥတုအခြေအနေ ကောင်းမွန်လျက်ရှိရာ လစ်ဗျားနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားအများအပြား ပင်လယ်ဖြတ်ကျော်သွားလာလျက်ရှိသည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ **ရိုက်တာ။**

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်(သံလွင်ဆောင်)ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ရွှေတောင်အုပ်စု အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သန်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် လမ်းမတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရွှေတောင်အုပ်စုဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။**(ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ရွှေတောင်အုပ်စုဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေတောင်အုပ်စု အုပ်ချုပ်မှုဒါရိုက်တာက အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးထံ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းရီက ဒုတိယဝန်ကြီးနှင့် ရွှေတောင်အုပ်စု အုပ်ချုပ်မှုဒါရိုက်တာတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက ကျောင်းအတွက် ကျောင်းသုံးစာအုပ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကျောင်းအပါအဝင် ကျောင်းပေါင်း ၈၃ ကျောင်းနှင့် ဆေးရုံ လေးရုံ (စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းပေါင်း နှစ်သိန်းကျော်)ကို ရွှေတောင်အုပ်စုက လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၄ ခုနှစ်အတွင်း ဆေးရုံတက်ရောက်ကုသသူလူနာပေါင်း ၅၀၀၀၀ ကျော်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၄

အထက်မြန်မာပြည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၄ ခုနှစ် တစ်နှစ်တာစာရင်းများအရ ဆေးရုံတက်ရောက်ကုသသော လူနာပေါင်း ၅၀၀၀၀ ကျော်ရှိကြောင်း ဆေးရုံကြီးမှတ်တမ်းများအရ သိရသည်။

နိုင်ငံတော်အစိုးရက ၂၀၁၃ ခုနှစ်မှစ၍ ကျန်းမာရေးအသုံးစရိတ် ဘတ်ဂျက်များ ပိုမိုချထားပေးမှုများကြောင့် ခေတ်မီရောဂါရှာဖွေရေးစက်ကိရိယာများ တပ်ဆင်ပေးခြင်း၊ လိုအပ်သော ဆေးဝါးများ ကူညီထောက်ပံ့ပေးခြင်းနှင့် လူနာများ စိတ်ကြည်လင်ချမ်းမြေ့၍ သက်သောင့်သက်သာ ကုသမှုခံယူနိုင်ရန် ဆေးရုံကြီးသန့်ရှင်းသာယာရေးလုပ်ငန်းများ အဓိကလုပ်ဆောင်နေမှုကြောင့် ပြည်သူများယုံကြည်အားကိုးမှု ရရှိလာကာ တစ်နှစ်ထက်တစ်နှစ် တက်ရောက်ကုသမှုပိုမိုများပြားလာခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဦးဝင်းက ပြောသည်။

"၂၀၁၃ ခုနှစ်ကစပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရဲ့ အရေးပေါ်ဌာနကို ရောက်ရှိလာတဲ့ ဘယ်လူနာမဆို ခွဲတာ၊ စိတ်တာ၊ ရောဂါရှာဖွေစမ်းသပ်တာကအစ အခမဲ့ဆောင်ရွက်ပေးနေပါပြီ။ ဒီလိုဆောင်ရွက်ပေးပြီး စနစ်တကျဆက်လက်ကုသမှုခံယူဖို့လိုအပ်တဲ့ လူနာတွေကို သက်ဆိုင်ရာလူနာဆောင်တွေမှာ နေရာချထားပေးပြီး ကုန်ကျမှုအနည်းဆုံးနဲ့ ကုသနိုင်အောင်လည်း ကျန်းမာရေးဝန်ထမ်းတွေအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ငါးနှစ်တာကာလအတွင်း ၂၀၁၄ ခုနှစ်သည် တက်ရောက်ကုသသူ လူနာအများဆုံးနှစ်ဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ၃၈၅၂၆ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၄၁၇၅၈ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၄၇၀၈၄ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၅၂၇၇၆ ဦးနှင့် ၂၀၁၄ ခုနှစ်တွင် ၅၅၀၉၉ ဦးရှိခဲ့ကြောင်း သိရသည်။ **(အောင်ရဲသွင်)**

ရန်ကုန်မြို့တွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကောင်းမွန်စေရေး ပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ်လုပ်ဆောင်နေ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့တွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ ကောင်းမွန်စေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့်လှည့်လည်ကာ စစ်ဆေးကြပ်မတ်ဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ အရာရှိတစ်ဦးက ပြောကြားသည်။

"တစ်နေရာတည်းမှာ အကြာကြီးအခြေစိုက်ပြီးတော့ လုပ်တာမျိုး မဟုတ်ဘူး။ ဥပမာနေရာတစ်ခုမှာ တစ်ပတ်လောက်လုပ်ပေးပြီး စည်းကမ်းတကျနဲ့ရှိလာချိန်မှာ နောက်တစ်နေရာမှာသွားပြီး လုပ်ဆောင်ပါတယ်။ အဲဒီမှာ လုပ်ကိုင်ရင်းနဲ့ ပထမနေရာကို ပြန်လာပြီး ရှောင်တခင်စစ်ဆေးကြပ်မတ်တာတွေလည်းရှိတယ်"ဟု ၎င်းက ရှင်းပြသည်။ ထိုသို့ကြပ်မတ်ဆောင်ရွက်ရာတွင် ယာဉ်ကြောရှင်းလင်းပေးခြင်း၊ စည်းကမ်းမဲ့ယာဉ်များကို အရေးယူခြင်းတို့ ဆောင်ရွက်နေပြီး ယာဉ်ကြောပိတ်ဆို့မှုများပြားသည့်နေရာများကို အဓိကထား ရွေးချယ်လုပ်ဆောင်နေခြင်းဖြစ်သည်။

"အရင်ရက်တွေကတော့ မြေနီကုန်း၊ ဟံသာဝတီအဝိုင်းတစ်ဝိုက်မှာ လုပ်ဆောင်ခဲ့ပါတယ်။ ဖေဖော်ဝါရီ ၉ ရက်ကနေ ၁၂ ရက်လောက်အထိကို ဘုရင့်နောင်လမ်းတစ်လျှောက်နဲ့ အင်းစိန်ပေါက်တောဝဘက်မှာ လုပ်ဆောင်ခဲ့ပါတယ်။ အခုရက်ပိုင်းကတော့ သီရိမင်္ဂလာဈေးသစ်နားနဲ့ မင်္ဂလာဈေး၊ ပလာဇာဘက်တွေမှာ လုပ်ဆောင်နေတာရှိပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထိုပူးပေါင်းအဖွဲ့များ၏ ကြပ်မတ်ဆောင်ရွက်နေသည့် ဧရိယာတစ်ဝိုက်တွင် ယာဉ်ကြောပိတ်ဆို့မှုများလည်း လျော့ကျလာသည့်အတွက် ယင်းအဖွဲ့ဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေသောနေရာများကို ရွေးချယ်ကာ လှည့်လည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

◆

ရေး၌ ကွန်ကရစ်တံတား တည်ဆောက်

ရေး ဖေဖော်ဝါရီ ၁၄

ရေးမြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သော ချောင်းတောင်-ကလော့လမ်းပေါ်ရှိ ကွန်ကရစ်တံတားကို ပြည့်ဇာနည်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိရာ မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

(a) Tender No. 1/HPGE/15-16 (11/11kV Isolating Transformer များနှင့် 11/0.4kV Transformer ဝယ်ယူခြင်း)
(b) Tender No. 2/HPGE/15-16 (Chiller Compressor များဝယ်ယူခြင်း)
(c) Tender No. 3/HPGE/15-16 (11 kV VCB with Pannel များဝယ်ယူခြင်း)
(d) Tender No. 4/HPGE/15-16 (230, 132,66,33kV L.A များဝယ်ယူခြင်း)
(e) Tender No. 5/HPGE/15-16 (Micom Relay များဝယ်ယူခြင်း)
(f) Tender No. 6/HPGE/15-16 (132,66 kV V,T & C.VT များဝယ်ယူခြင်း)
(h) Tender No. 7/HPGE/15-16 (Power Cable & Control Cable များဝယ်ယူခြင်း)
(i) Tender No. 8/HPGE/15-16 (Bearing & Carbon brush များဝယ်ယူခြင်း)
(j) Tender No. 9/HPGE/15-16 (ပေါင်းလောင်းစက်ရုံ စက်အရန်ပစ္စည်းများဝယ်ယူခြင်း)
(k) Tender No. 10/HPGE/15-16 (ရဲနွယ်စက်ရုံ စက်အရန်ပစ္စည်းများဝယ်ယူခြင်း)
(l) Tender No. 11/HPGE/15-16 (ရဲရွာစက်ရုံ စက်အရန်ပစ္စည်းများဝယ်ယူခြင်း)
(m) Tender No. 12/HPGE/15-16 (ကွန်းချောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)
(n) Tender No. 13/HPGE/15-16 (ဖြူးချောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)

၂။ Tender No-1 မှ 13 အထိ တင်ဒါပိတ်ရက်မှာ ၁၂-၃-၂၀၁၅ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ မြေကွက်အမှတ် BP4



အား ဒေါ်ကြေးမုံမင်း[၈/မလန(နိုင်)၀၀၀၅၂၉]မှ ပိုင်ရှင်အမည်ပေါက် ပြောင်းလဲခြင်း၊ ရုံးလုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ကြေးမုံမင်း
[၈/မလန(နိုင်)၀၀၀၅၂၉]
ဖုန်း-၀၉-၄၃၀၂၅၃၂၄

ကြယ်သီးတပ် မလွဲစေလိုပါ

ထင်လင်းကျော်

ပထမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရသူများကို ဂုဏ်ပြုပွဲ ကျင်းပသောည ပဒေသာကပွဲ၌ သဘင်ပညာရှင်ကြီးများက မျိုးဆက်သစ်တို့ကို ခေတ်သုံးခေတ် နှစ်ပါးသွားဖြင့် လက်ဆင့်ကမ်းပညာအမွေပေးသည်။ ပထမသဘင်ခေတ်ကို (ထိုအချိန်ကအသက် ၇၀ ဝန်းကျင် ရှိကြပြီဖြစ်သော) ဦးစိန်အောင်မင်း၊ ဒေါ်အောင်သန်းတင် (ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင်ဖွားတော်မူခန်းတွင် မယ်တော်မာယာအဖြစ်သရုပ်ဆောင်သူ) နှင့် မြန်မာမိတ်ဒေါ်တင်အောင် (မန်းပန်တျာက အကနည်းပြ ဆရာမကြီး) တို့က မမောနိုင်မပန်းနိုင် အပြိုင်အဆိုင်ကပြခဲ့ကြသည်။ ဒုတိယသဘင်ခေတ်ကို ရွှေနန်းတင်၊ ကောလိပ်မြိုင်နှင့် စံရှားတင်တို့က ကပြကြသည်။ တတိယသဘင်ခေတ်ကို ဝင်းဗိုလ်၊ တေးသံရှင်ခင်မာချိုနှင့် တစ်ခိုင်လုံးရွှေအေးအေးမြင့်တို့က ကပြလိုက်ကြသည်မှာ ခေတ်သုံးခေတ်စလုံးကို ကြည့်လို့ရှုလို့မဝနိုင်အောင် ဖြစ်ခဲ့ရသည်။

ဒုတိယသဘင်ခေတ်ကို ကပြသရုပ်ဖော်ရာတွင် ရုပ်ရှင်မင်းသမီးကြီး ဒေါ်စံရှားတင်က "ဂန္ဓမာတောင်" ကိုဆို၍ကပြသည်။ ထိုအခါလူရွှင်တော် ဦးရွှေငါးနှင့် ဦးအေဝမ်းတို့က "မစံရယ်၊ ညည်းက ဆိုလည်းဆိုနိုင်တုန်း ကလည်းကနိုင်တုန်း၊ လှလည်းလှတုန်း၊ ဘာလို့ တို့သဘင်လောကကို စွန့်ခွာသွားရတာတုန်း"ဟု မေးကြသည်။ ဒေါ်စံရှားတင်က "မစံကသဘင်လောကကိုစွန့်ခွာခဲ့ပေမယ့် သဘင်ပညာကိုတော့ မြတ်နိုးစွာဖက်တွယ်ထားဆဲပါပဲအစ်ကိုတို့ရယ်" ဟု ပြန်ပြောပါသည်။ ကျွန်တော်သည် ထိုအချိန်ကပညာရေးဌာနမှာပဲ ရှိသေးသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ မရောက်သေး။ ယခုတော့ ကျွန်တော်လည်း "ပညာရေးလောကကို စွန့်ခွာခဲ့ပေမယ့် သင်ကြားခြင်းပညာကိုတော့ မြတ်နိုးစွာဖက်တွယ်ထားဆဲပါပဲ"ဟု ပြောနေရပြီ ဖြစ်ပါသည်။ ရန်ကုန်မြို့တွင်ဖွင့်လှစ်သော ပြည်တွင်းအခွန်များဦးစီးဌာန၏ သင်တန်းများတွင် နည်းပြဆရာလုပ်ရသည်။ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို အခွန်ပညာပေးဟောပြောရသည်။ မြို့နယ်များရှိရပ်ကွက်များတွင် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲများ လုပ်ရသည်။ ကျောင်းဆရာမဟုတ်တော့သော်လည်း သင်ကြားခြင်းတာဝန်ကို ထမ်းဆောင်ရဆဲပင်။ အခွန်ထမ်းများကလည်း သူတို့သိလိုသည်များကို ကျွန်တော့်အားမေးမြန်းတတ်ကြသည်။ ကျွန်တော်ကလည်း တတ်စွမ်းသမျှ ရှင်းပြရပါသည်။ သည်နေ့လည်းမိတ်ဆွေတစ်ယောက် ကျွန်တော့်ထံအမေးအမြန်းရောက်လာခဲ့ပြန်ပါသည်။

မိတ်ဆွေ။ ။ ဆရာရေ ကျွန်တော်တော့ လမ်းထဲမှာစားသောက်ဆိုင်လေးတစ်ဆိုင်ဖွင့်လိုက်တယ်။ လူဝင်အောင် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း လှလှပပလေးလုပ်ထားတယ်။ စီးပွားရေးလုပ်ငန်းလုပ်ပြီဆိုရင် အခွန်ဆိုင်ရာကိစ္စတွေ ရှိလာမှာဆိုတော့ မြို့နယ်အခွန်ရုံးကိုသွားပြီး ကိုယ်သိချင်တာမေးမြန်းရတော့တယ်။ အခွန်ရုံးက ဆိုင်ကိုမှတ်ပုံတင်ဖို့ လျှောက်လွှာတင်ခိုင်းတယ်။ ကျွန်တော့်ရဲ့ လိုင်စင်ဓာတ်ပုံနှစ်ပုံလည်း တောင်းလို့ပေးလိုက်ရသေးတယ်။ ပြီးတော့ ကျွန်တော့်ဓာတ်ပုံကပ်ထားတဲ့ "ပတခ(ကသခ)-၂" ပုံစံထုတ်ပေးတယ်။ စားသောက်ဆိုင်မှာ လက်ရေးပြေစာနဲ့ဖြစ်ဖြစ်၊ ကွန်ပျူတာနဲ့ချိတ်ဆက်ထားတဲ့ စက်ထဲက ထုတ်တဲ့ပြေစာနဲ့ဖြစ်ဖြစ် ရောင်းရမှာတဲ့။ ပြေစာမှာဆိုင်နာမည်၊ ဆိုင်အမှတ်တံဆိပ်နဲ့ ဆိုင်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တွေပါရမတဲ့။ ပြေစာစာအုပ်တွေကိုနံပါတ်စဉ်နဲ့ စက်တင်ပုံနှိပ်ရမတဲ့။ ပြေစာကို စက်ထဲကထုတ်ရင်လည်း နံပါတ်တွေအစဉ်လိုက်ပါအောင် ဆောင်ရွက်ထားရမတဲ့။ ပြေစာကိုဘယ်နည်းနဲ့ပဲ သုံးသုံး ကိုယ့်ဆိုင်ကိုလာပြီး စားသောက်တဲ့သူတွေဆီက သူတို့စားသောက်လို့ကျသင့်ငွေပေါ်မှာ "ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း" တွက်ချက်ပေါင်းထည့်ပြီး တစ်ပါတည်းကောက်ခံပေးရမယ်တဲ့ဆရာရဲ့။

ကျွန်တော်။ ။ အဲဒါဟုတ်သားပဲ၊ ဘာများမရှင်းတာရှိလို့လဲ။

မိတ်ဆွေ။ ။ အခုဟာကစားသုံးသူဆီက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကောက်ပြီး သူတို့ကို ထုတ်ပေးရမယ့် ပြေစာတွေမှာ ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရမတဲ့ဆရာရဲ့။

ကျွန်တော်။ ။ ဒါလည်းဟုတ်သားပဲ၊ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ဒီနှစ်မှဖွင့်တဲ့ ဆိုင်သစ်တွေရော အရင်ကတည်းကဖွင့်ထားတဲ့ ဆိုင်ဟောင်းတွေရောကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ကစပြီး ရှေ့ပြေးစီမံချက်အဖြစ် စမ်းသပ်အကောင်အထည်ဖော်နေပြီလေ။ စားသောက်ဆိုင်တွေက ပထမဆုံးအကြိမ် မှာကြားတဲ့ အမှတ်တံဆိပ်အမျိုးအစားနဲ့ အရေအတွက်အပေါ် ကျသင့်တဲ့ကုန်သွယ်လုပ်ငန်းခွန်ကို ချက်ချင်းမသွင်းခိုင်းသေးဘူး။ ဒုတိယအကြိမ် မှာကြားတဲ့အခါကျမှ ပထမအကြိမ်တုန်းက ထုတ်ယူခဲ့တဲ့ အမှတ်တံဆိပ်တန်ဖိုးကို အပြေအကျေသွင်းဖို့ လုပ်ထားတယ်ဗျ။ အရပ်စကားနဲ့ပြောရရင် အဟောင်းပေး အသစ်ယူပေ့ါဗျာ။ စားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်တွေ အမှတ်တံဆိပ်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးလို့ပါ။

မိတ်ဆွေ။ ။ ဟုတ်ပါတယ်ဆရာရယ်။ အမှတ်တံဆိပ်အမျိုးအစားတွေကို လိုသလိုတွဲဖက်အသုံးပြုလို့ရအောင် ၅၀ တန်၊ ၁၀၀ တန်၊ ၂၀၀ တန်၊ ၅၀၀ တန်၊ ၁၀၀၀ တန်၊ ၅၀၀၀ တန်နဲ့ ၁၀၀၀၀ တန်ဆိုပြီး မြို့နယ်အခွန်ရုံးက ခုနစ်မျိုးထုတ်ပေးလိုက်တယ်။ ကျွန်တော်လည်း သုံးလအတွက် ကျွန်တော့်ဆိုင်ရောင်းအားကို ခန့်မှန်း၊ အခွန် ၅ ရာခိုင်နှုန်းတွက်ချက်ပြီး တောင်းခဲ့တာပဲ။ စက်တင်ပုံနှိပ်တဲ့ပြေစာက အရွယ်အစားအငယ်ဆုံးက ၄ လက်မ × ၅ လက်မလောက်ရှိရင် အဆင်ပြေတယ်လို့ မြို့နယ်အခွန်ဦးစီးမှူးက အကြံပြုတယ်ဗျာ။ စက်နဲ့ထုတ်တဲ့ပြေစာက အနံကသေးသေးလေးရယ်ဗျ။ အဲဒါဆိုဘယ်လိုကပ်ကြမတုန်း။

> အင်္ကျီကြယ်သီးတစ်လုံးမှားတပ်ရင် အကုန်လုံးလွဲပြီး တပ်မိတော့တာပဲတဲ့။ တစ်ခုကိုအမှားပြလိုက်ရင် ကျန်တာအားလုံး လိုက်ပြီးမှားပေးရတော့တာပါပဲ။ ဒါ့ကြောင့် ရောင်းရငွေအမှန်သိသွားတော့ ဘာဖြစ်လဲ၊ ကုန်ကျစရိတ်တွေကိုလည်း အမှန်အတိုင်းပြပေ့ါ။



ကျွန်တော်။ ။ ဒါကတော့လွယ်ပါတယ်ဗျာ။ ကျသင့်အခွန်အလိုက် သတ်မှတ်တံဆိပ်ကို ရှင်းလင်းမြင်သာတဲ့နေရာမှာ စွဲမြဲနေအောင်ကပ်၊ ဒါပေမယ့် ဆိုင်နာမည်၊ ကျသင့်ငွေနဲ့ ကျသင့်အခွန်တို့ကိုတော့ ဖုံးသွားအောင် မကပ်နဲ့ဗျာ။ ရှေ့မျက်နှာစာမှာနေရာမရှိရင် နောက်ကျောမှာကပ်ပေးလို့ရတယ်။ အဲ၊ တစ်ခုတော့ရှိတယ်။ အမှတ်တံဆိပ်ကို ကပ်ပြီးတာနဲ့တစ်ပြိုင်နက် သူ့ကိုထပ်ပြီးသုံးလို့မရအောင် ဘောပင်နဲ့ခြစ်ပြီးဖျက်လိုက်ဖို့ပါပဲ။ စာပို့တံဆိပ်ခေါင်းတွေကို နောက်ထပ်သုံးလို့မရအောင် တံဆိပ်တုံးထုပြီး ဖျက်လိုက်သလိုပေ့ါဗျာ။

မိတ်ဆွေ။ ။ ဟုတ်ပါပြီဗျာ။ ဒါပေမယ့်စားတဲ့သူတွေက စားချင်သလောက်စားတာဗျ။ ဥပမာဗျာ ၃၃၀၀ ကျပ်ဖိုးစားရင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းက ၁၆၅ ကျပ် မကျဘူးလား။ အမှတ်တံဆိပ်တန်ဖိုးက ၅၀ တန်အငယ်ဆုံးဆိုတော့ ကပ်ဖို့အဆင်မပြေဘူးဗျ။

ကျွန်တော်။ ။ ဒါ့အတွက်တော့ မပူပါနဲ့ဗျာ။ ကျသင့်အခွန်ငွေနဲ့ အနီးစပ်ဆုံးတန်ဖိုးဖြစ်တဲ့ ၁၅၀ အတွက် ၅၀ တန်သုံးလုံးဖြစ်ဖြစ်၊ ၁၀၀ တန်နဲ့ ၅၀ တန်တွဲလို့ဖြစ်ဖြစ်ကပ်ဗျာ။ ကျသင့်အခွန်ငွေအစွန်းထွက်တွေကို ဘဏ္ဍာနှစ်ကုန်ပြီးနောက်နှစ်မှာ အပြီးသတ်စည်းကြပ်တော့ ထည့်သွင်းကောက်ခံသွားဖို့လည်း ပြည်တွင်းအခွန်များဦးစီးဌာနက ညွှန်ကြားထားပြီးသားပါဗျ။



(သို့မဟုတ်)

မိတ်ဆွေ။ ။ ကောင်းပါလေ့ဗျာ။ ဒါပေမယ့် ပြေစာအမှတ်တံဆိပ်တွေ ကပ်ပြီးကောက်တော့ စားသုံးသူတွေဆီက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို မသမာမှုပြုဖို့ အလွဲသုံးစားပြုဖို့တော့ မလွယ်တော့ဘူးဗျ။ ဒါပေမယ့် စားသောက်ဆိုင်လောကသားတွေ စိုးရိမ်ပူပန်နေတာတစ်ခုက ပြေစာအမှတ်တံဆိပ် ၅ ရာခိုင်နှုန်းပေးသွင်းငွေကနေ ပြောင်းပြန်ပြန်တွက်ရင် ရောင်းရငွေအမှန်ကိုသိနိုင်တော့ မြတ်စွန်းငွေ တွက်ချက်ရင် သိပ်များသွားပြီး မြတ်စွန်းငွေအပေါ်ဆောင်ရတဲ့ ဝင်ငွေခွန်တိုးသွားမှာကိုပဲ။

ကျွန်တော်။ ။ ခင်ဗျားနှယ်ဗျာ၊ ပူတောင့်ပန်းပင်ရှိလိုက်တာ။ အရင်တုန်းက ရောင်းရငွေကိုလျှော့ပြတော့ ကုန်ကျစရိတ်တွေကိုလည်း အမှန်အတိုင်းမပြနိုင်တော့ဘူးလေ။ အားလုံးလိုက်လျှော့ရတာပဲ မဟုတ်လား။ ကြားခဲ့ဖူးတဲ့စကားတစ်ခွန်းကို စကားပြောနေရင်း သတိရမိတယ်။ အင်္ကျီကြယ်သီးတစ်လုံးမှားတပ်ရင် အကုန်လုံးလွဲပြီး တပ်မိတော့တာပဲတဲ့။ တစ်ခုကိုအမှားပြလိုက်ရင် ကျန်တာအားလုံး လိုက်ပြီးမှားပေးရတော့တာပါပဲ။ ဒါ့ကြောင့် ရောင်းရငွေအမှန်သိသွားတော့ ဘာဖြစ်လဲ၊ ကုန်ကျစရိတ်တွေကိုလည်း အမှန်အတိုင်းပြပေ့ါ။ ဆိုင်ငှားခ၊ အလုပ်သမားအရေအတွက်၊ အလုပ်သမားလခ၊ ရေခ၊ မီးခ၊ လိုင်စင်ခ၊ ကုန်ပစ္စည်းဝယ်တာတွေ စတဲ့စရိတ်အားလုံးကို အမှန်အတိုင်းဖော်ပြနိုင်တာပေ့ါ။ ဒါဆိုရင် မြတ်စွန်းငွေတွေ သိပ်များသွားမယ်ဆိုတာ မဖြစ်နိုင်တော့ဘူးပေ့ါ။

မိတ်ဆွေ။ ။ ကျွန်တော်သိချင်တာ တစ်ခုမေးဦးမယ်။ ပြေစာမှာအခွန်ကောက်ပြီး အမှတ်တံဆိပ်ကပ်မပေးရင် ဘာဖြစ်မလဲဗျာ။

ကျွန်တော်။ ။ ဥပဒေအရအရေးယူတာကိုမပြောသေးဘူး၊ ပြေစာမှာအခွန်ကိုဖော်ပြထားပြီး အမှတ်တံဆိပ်ကို အပြည့်အဝကပ်မပေးဘူးဆိုရင် ခင်ဗျားဟာနိုင်ငံတော်ဘဏ္ဍာကို အလွဲသုံးစားပြုလိုက်ပြီဆိုတာ စားသုံးသူက ချက်ချင်းမသိပေဘူးလား။ အဲဒါဆိုရင် စားသုံးသူက ခင်ဗျားကိုအထင်သေးသွားမှာပေ့ါ။

မိတ်ဆွေ။ ။ ဟာဗျာ၊ ဟုတ်ပါရဲ့၊ သဘောပေါက်ပါပြီဗျာ။ စားသောက်ဆိုင်တွေမှာ စားသုံးသူတွေဆီက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကိုကောက်ခံဖို့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွေမှာ မှတ်ပုံတင်ရတယ်၊ စားသုံးသူတွေဆီက ကုန်သွယ်လုပ်ငန်းခွန်ကို ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ပြီး ကောက်ခံမယ်၊ အဲဒီငွေတွေက ကိုယ့်ငွေမဟုတ်ဘူး၊ နိုင်ငံတော်တည်ဆောက်ရေးမှာအသုံးပြုမယ့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေ၊ ဒါကြောင့် အလွဲသုံးစားမလုပ်သင့်ဘူး၊ ကျသင့်တဲ့ကုန်သွယ်လုပ်ငန်းခွန်က ပြေစာတံဆိပ်အငယ်ဆုံးတန်ဖိုး ကျပ် ၅၀ အောက်နိမ့်လို့ မကပ်တာကလွဲလို့ အနီးစပ်ဆုံးအပြည့်အဝကပ်ရမယ်၊ ရောင်းရငွေအမှန်သိသွားလည်းကိစ္စမရှိဘူး၊ စရိတ်အမှန်ကိုပြရုံပဲ၊ ကျွန်တော်နားလည်တာ ဟုတ်တယ်မဟုတ်လားဆရာ။

ကျွန်တော်။ ။ ဟုတ်လိုက်တာဗျာ။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကိုတည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာကအဓိကဗျ။ ဒါ့ကြောင့် တစ်ထောင့်တစ်နေရာက အားဖြည့်ပေးတဲ့အနေနဲ့ စားသောက်ဆိုင်လုပ်ငန်းရှင်တွေက စားသုံးသူတွေထံမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံပေးရမှာဖြစ်သလို စားသုံးသူတွေကလည်း ကိုယ်ရလာတဲ့ပြေစာမှာ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်အတိုင်း ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ကပ်မထားရင် ဒါမှမဟုတ် ကပ်ထားပေမယ့်လည်း ကျသင့်အခွန်အောက်လျှော့နည်းနေရင် အချိန်ကလေးနည်းနည်းယူပြီး ပြေစာတံဆိပ်တန်ဖိုးအမှန်ကပ်ပေးဖို့ ဆိုင်ရှင်ကိုပြောပြတောင်းဆိုဖို့ လိုတယ်ဗျ။

မိတ်ဆွေ။ ။ အခုမှပြေစာအမှတ်တံဆိပ်ကပ်တာနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းသိသွားသလို သန့်သန့်ရှင်းရှင်း၊ မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့လည်းရဲရင့်လာပြီ။ အင်္ကျီကြယ်သီးကို လွဲမတပ်မိအောင် ဂရုပြုပြီးဆောင်ရွက်မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပြီဗျာ။ ။

ပြည်တွင်းရေးရာ

ကမ္ဘာလှည့်ခရီးသည် ၁၇၆၅ ဦး လိုက်ပါလာသည့်သင်္ဘော သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့ မွန်းလွဲပိုင်း၌ ဝန်ကြီးဌာနထံမှ လိုင်စင်ရယူ ဆောင်ရွက်လျက်ရှိသော Myanmar Voyages International Tourism Co., Ltd. ၏ စီစဉ်မှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသော MV. Celebrity Century သို့ သွားရောက်၍ သင်္ဘောကပ္ပတိန်အပါအဝင် ကမ္ဘာလှည့်ခရီးသည်များအား ရင်းနှီးစွာ သွားရောက်ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါသင်္ဘောသည် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှရောက်ရှိလာခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မလေးရှားနိုင်ငံ လန်ကဝီဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်္ဘောသည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အချို့ခရီးသည်များမှာ ပုဂံသို့လည်းကောင်း၊ ကျန်ခရီးသည်များမှာ ပဲခူးမြို့၊ ရန်ကုန်မြို့ အနီးတစ်ဝိုက်နှင့် သန်လျင်မြို့များတွင်လည်းကောင်း လည်ပတ်မည်ဟု သိရသည်။ အဆိုပါ သင်္ဘောသည် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သော သင်္ဘောဖြစ်ပြီး နောင်တွင်လည်း မြန်မာနိုင်ငံသို့ အဆက်မပြတ် လာရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

သင်္ဘောပေါ်တွင် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၁၇၆၅ ဦးနှင့် သင်္ဘောအမှုထမ်း ၈၇၄ ဦး ပါဝင်ပြီး အများစုမှာ အမေရိကန်လူမျိုးနှင့် ဗြိတိန်လူမျိုးတို့ဖြစ်ကြောင်း သိရသည်။ ယခင်က တစ်နှစ်လျှင် ကမ္ဘာလှည့် အပျော်စီးသင်္ဘောငါးစင်းခန့်သာ ဝင်ရောက်ခဲ့ရာ ယခုကဲ့သို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း တစ်ရှိန်ထိုး မြင့်တက်လာသည့်အချိန်တွင် အဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

အခမဲ့စက်ဘီးပြင်ဆိုင်ဖွင့်၍ ပရဟိတလုပ်ရန်စီစဉ်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့တွင်း အခမဲ့စက်ဘီးပြင်ဆိုင်များဖွင့်လှစ်ကာ ပရဟိတ လုပ်ငန်းများပြုလုပ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ စက်ဘီးစီးနင်းသူဝါသနာရှင်များကွန်ရက်(BNM)မှ သိရသည်။

"အဆင်ပြေမယ့် နေရာတစ်ခုရှာပြီးတော့ ဖွင့်လှစ်သွားမယ်။ ပြုပြင်မယ့် ကိရိယာတွေစုဆောင်းမယ်။ ပြင်တတ်တဲ့ စက်ဘီးပညာရှင်တွေ စုပေါင်းပြီး လုပ်ဆောင်သွားမယ်"ဟု အဆိုပါကွန်ရက်မှ ဦးညီကပြောသည်။ ထိုပြုပြင်မှုတွင် ကလေးစီး စက်ဘီးမှအစ မည်သည့်စက်ဘီးမျိုးမဆို စက်ဘီးပိုင်ရှင်က ပစ္စည်းဝယ်ပေးရမည်ဖြစ်ပြီး တပ်ဆင်ပြုပြင်မှုများကို စက်ဘီးပညာရှင်များက အခမဲ့ ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထိုသို့ပြုပြင်မှုကို တစ်ပတ်လျှင် ခြောက်ရက်နှုန်းသတ်မှတ်ကာ စက်ဘီးပညာရှင်သုံးဦးက အလှည့်ကျတာဝန်ယူပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြုပြင်ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးသွားရန်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် စက်ဘီးဝါသနာရှင်များနှင့် စက်ဘီးဆိုင်ရာပညာရှင်များကလည်း ပူးပေါင်းပါဝင်လုပ်ကိုင်ရန် ဖိတ်ခေါ်ထားရှိသည်။

ထို BNM သည် အသင်းအဖွဲ့(Team) တစ်ခုမဟုတ်ဘဲ ကွန်ရက်(Network)တစ်ခုသာဖြစ်ကြောင်း၊ ကွန်ရက်ဆိုသည်မှာ စက်ဘီးစီးနင်းသော ဝါသနာတူ မည်သူမဆိုပါဝင်နိုင်ပြီး အသင်းအဖွဲ့များကဲ့သို့ စည်းမျဉ်းကန့်သတ်ချက်များမလိုအပ်ဘဲ ဝါသနာအရလုပ်ဆောင်ကြကြောင်းသိရသည်။ ထို BNM နှင့်ပတ်သက်၍လည်း ဝါသနာရှင်စက်ဘီးစီးနင်းသူများ၊ စက်ဘီးနှင့် ပတ်သက်သော အသင်းအဖွဲ့များလည်း ပူးပေါင်းပါဝင်နိုင်ရန် ဖိတ်ခေါ်မှုများ ပြုလုပ်လျက်ရှိသည်။ စက်ဘီးစီးနင်းခြင်းသည် သက်လုံလည်းကောင်းကာ မိတ်ဆွေများလည်းပေါများစေပြီး ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသလို သဘာဝပတ်ဝန်းကျင်ကိုလည်း အထောက်အကူပြုပြီး မြို့ပြ၏ ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

(ဇေဝ)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်

မြိတ် ဖေဖော်ဝါရီ ၁၄

မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက မြိတ်မြို့မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲတွင် အသိပညာပေးခြင်းနှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြိတ်မြို့မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ ဦးမျိုးဝင်းက Petroleum Products Handling Process & Safety Procedure များနှင့် ပတ်သက်၍ ပညာပေးရှင်းလင်းပြောကြားသည်။

ယင်းနောက် မြိတ်မြို့မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင် ဖြန့်ဖြူးရေးဌာနခွဲ ဝန်ထမ်းများ၊ လေယာဉ်ဆိုင်ဌာနစိတ် ဝန်ထမ်းများသည် မီးသတ်ဦးစီးဌာနမှ မီးသတ်သတ်ဖွဲ့ဝင်များနှင့် ပူးတွဲ၍ ဆီမီးလောင်မှုကို FOAM TYPE မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးငြိမ်းသတ်ယာဉ် သုံးစီးဖြင့် အမြှုပ်လုပ်မီးသတ်ခေါင်း FOAM MAKING BRANCE လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဆီသိုလှောင်ကန် မီးငြိမ်းသတ်ရေး TANK FIRE FIGHTING လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(ခရိုင်ပြန်/ဆက်)**

အာဇာနည်ကုန်းကျေးရွာ၌ စက်ရေတွင်းသစ် ဖွင့်ပွဲကျင်းပ

ပြည် ဖေဖော်ဝါရီ ၁၄ ။ ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် "Golden Hours"ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လေးလက်မစက်ရေတွင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ပြည်မြို့နယ် နှောကန်ကျေးရွာအုပ်စု အာဇာနည်ကုန်းကျေးရွာ၌ ကျင်းပရာ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပြည်မှူး၊ အာဇာနည်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် "Golden Hours"ကုမ္ပဏီ တာဝန်ခံမန်နေဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းစက်ရေတွင်းသစ်မှာ ရေစက်ရုံနှင့် ရေကန်အပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၁၁ ဒသမ ၆၆သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**

ကန့်ဘလူ၊ ကျိုင်းတောင်း၊ ကြာအင်းဆိပ်ကြီး၊ ဖားဆောင်း၊ ရွာသစ်၊ ရှားတော၊ လဲချား၊ ရှောင်၊ မိုးနဲ၊ မောက်မယ်၊ ကွမ်းလုံ၊ မြိုင်ကြီးငူနှင့် လောက်ကိုင်ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိကြောင်း အသိပေးတင်ပြခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း(နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် ၁၅-၁၀-၂၀၁၃ ရက်တွင်စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတ ရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၆၉ ရုံအနက် ကန့်ဘလူစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၉-၁-၂၀၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၃-၁-၂၀၁၅ ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 300 W၊ လိုင်းနှုန်းချန်နယ်(E-21)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက်တွင် ဂါးတာဆည်ကြီးအထိလည်းကောင်း၊ အနောက်ဘက်တွင် မြေထူး၊ တောက္ကရှပ်၊ ဘုတ္တောကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် နတ်ပေး၊ ဝက်တိုး(မ)၊ ထန်းကုန်း၊ အုတ်ဖိုကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက်တွင် ကျွန်းလှမြို့၊ လိတ္တူ၊ ပေကုန်း(တ)၊ သင်ပန်းတောကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

၃။ ကျိုင်းတောင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၇-၁-၂၀၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၂-၁-၂၀၁၅ ရက်တွင် ပြီးစီးခဲ့၍ ၎င်းရက်နေ့မှ စတင်ပြီး လွှင့်အား 50 W၊ လိုင်းနှုန်းချန်နယ်(E-22)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့တောင်ဘက်တွင် ရပ်ကွက် (၄)၊ တာကွန်ရပ်ကွက်အထိလည်းကောင်း၊ အနောက်ဘက်တွင် ရွာမအထိလည်း ကောင်း၊ တောင်ဘက်တွင် ခမရ(၅၇၆)အထိလည်းကောင်း၊ မြောက်ဘက်တွင် ကွန်မုံ၊ ခမရ (၅၆၉) အထိလည်းကောင်း၊ အနောက်တောင်ဘက်တွင် ဟိုတ၊ ဝိန်းတောင်ကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

၄။ ကြာအင်းဆိပ်ကြီးစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၈-၁၂-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၂-၁-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 200W၊ လိုင်းနှုန်း(E-22) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ကြခတ်ချောင်းကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် ရွှေလင်း၊ ရွှေတောင်ဘို ကျေးရွာများအထိလည်းကောင်း၊ အရှေ့တောင်ဘက်တွင် ချောင်းဝကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် သုံးတိုင်၊ ကြာအင်းကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

၅။ ဖားဆောင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို(၃-၁-၂၀၁၅)ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၆-၁-၂၀၁၅) ရက်တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လိုင်းနှုန်း(E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများစမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့တောင်ဘက်တွင် ခဲမဖြူ ကျောက်ပဲညို ကျေးရွာအထိလည်းကောင်း၊ အရှေ့မြောက်ဘက်တွင် ကယားဝမ်အောင်းအထိ လည်းကောင်း၊ မြောက်ဘက်တွင် ပါပုရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

၆။ ရွာသစ်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို(၈-၁-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ(၁၂-၁-၂၀၁၅) ရက်တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လိုင်းနှုန်း(E-27)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် စွပ်ပိုင်၊ ဝမ်ဟော်ကျေးရွာအထိလည်းကောင်း၊ အရှေ့တောင်ဘက်တွင် (၁၀၀၅) နယ်ခြားစောင့်တပ်အထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

၇။ ရှားတောစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၁၄-၁-၂၀၁၅)ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၁၈-၁-၂၀၁၅) ရက်တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50W၊ လိုင်းနှုန်း (E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ကယားပိုင်းအထိ လည်းကောင်း၊ မြောက်ဘက်တွင် စလောင်းစုစည်း၊ မြောက်ရွာအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းရေးရာ

ဟိုင်းကြီးကျွန်းတံတား အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်

ပုသိမ် ဖေဖော်ဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်ကကျင်းပရာ ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီးအင်ဂျင်နီယာ မှူးကြီး ဦးမြင့်ကြည်၊ သက်ဆိုင်ရာ အင်ဂျင်နီယာမှူး ကြီးများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပုသိမ်ခရိုင် နှင့် ငပုတောမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဆောက်လုပ်ရေး ဒုတိယ ဝန်ကြီးတို့က အမှာစကားပြောကြားကာ ဒုတိယ ဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီး၊ လွှတ်တော်ကိုယ်စား လှယ် ဦးအေးကြည်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟိုင်းကြီးကျွန်းတံတားကို ၇-၇-၂၀၁၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၃၁-၁၀-၂၀၁၃ ရက်တွင် ဆောင်ရွက်ပြီးစီး၍ မော်တော်ယာဉ်များဖြတ်သန်းသွားလာလျက်ရှိပြီး ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ပင်မတံတားအရှည်ပေ ၈၇၀ ရှိပြီး ယာဉ်သွားလမ်းအကျယ်မှာ ၁၄၃ ဒသမ ၅ ပေရှိပြီး နှစ်ထပ် ဘေလီတံတားဖြစ်သည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ ၃၅ တန်ဖြစ်ပြီး ရေလမ်းကင်းလွတ်ခွင့်အကျယ်ပေ ၈၀၊ အမြင့်ပေ ၂၀ ရှိသည့်တံတားဖြစ်ပြီး အချင်း ငါးပေအမြင့်ရှိသည့် အုတ်မြစ်အမျိုးအစား ဘိုးပိုင် တံတားဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၇ စင်းမြောက်တံတား ဖြစ်သည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဒေသအများစု ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့သည်ကို ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံဖြစ်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းပေါ်ရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် တည်ဆောက်ပြီးစီးသော ၈၁ စင်းမြောက် ဟိုင်းကြီးကျွန်း တံတားဖြစ်သည်။

အဓိကအကျဆုံးတံတားဖြစ်ပြီး အချိန်တို အတွင်း အချိန်မရွေး၊ရာသီမရွေးအလွယ်တကူ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပြီး အချိန်တိုအတွင်း အချိန်မရွေး၊ရာသီမရွေး အလွယ်တကူသွားလာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းမကြီးသည် ပုသိမ်မြို့၊ ငပုတောမြို့သို့ဆက်သွယ်သည့် ပုသိမ်မြစ်(ငဝန်မြစ်)၏ အနောက်ဘက်ခြမ်းရိုးမပေါ်မှာရှိပြီး အရှည် ၉၆ မိုင်ရှိသည်။ မူလကျောက်ချောလမ်းလွှာနှစ်ဆင့်မှ ၂၀၁၀ ကုန်ပိုင်းမှာ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့သည်။ သမိုင်းဝင်မြတ်မော်တင်ဆံတော်ရှင်စေတီတော်မြတ်ကြီးကို ရန်ကုန်မြို့အပါအဝင် မြန်မာပြည်အနှံ့မှ ဘုရားဖူးများ နွေမိုးဆောင်း သွားရောက်ဖူးမြော်နိုင်ခဲ့ကြသည်။

တစ်ချိန်က ရေလမ်းခရီးဖြင့်သာ သွားလာနေရသည့်အတွက် ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသည်။ ဒီရေအတက်အကျပေါ် မူတည်သွားလာခဲ့ရာ ပုသိမ်မြို့ကို ရောက်ရန် တစ်နေ့အချိန်ပေးခဲ့ရသည်။ ရန်ကုန်မြို့ကိုလည်း တစ်နေ့တစ်ည အချိန်ပေးသွားလာခဲ့ရသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးမှုနောက်ကျစေခဲ့သည့် ဟိုင်းကြီးကျွန်းဒေသရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ အပြည့်အဝခံစားလာစေရန်ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ဟိုင်းကြီးကျွန်းတံတားစီမံကိန်းကို အောင်မြင်စွာ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဟိုင်းကြီးကျွန်းမြစ်ကူးတံတားတည်ဆောက်နိုင်ခဲ့သည့်အတွက် ဟိုင်းကြီးကျွန်းဒေသတွင်ရှိသည့် ကျေးရွာအုပ်စုများတွင် မှီတင်းနေထိုင်ကြသည့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ တိုးတက်ခံစားလာကြရတော့မည် ဖြစ်ပေသည်။

ပြည်သူများ စီးပွားရေးအင်အားတောင့်တင်းခိုင်မာရေးအတွက် ဒေသ၏မူလအခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများအထွက်တိုးပြီး မူရင်းတန်ဖိုးများကို ယခုထက် ပိုမိုတိုးတက်စေရန်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက်လစ်ဟင်းကွာဟမှုမရှိစေရန် စီမံချက်များချမှတ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အောင်မြင်နေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဟိုင်းကြီးကျွန်းတံတားအသစ်ကြီးကို စေတနာထား၍ တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒေသခံတိုင်းရင်းသား အချင်းချင်းချစ်ခင်စည်းလုံးမှုကိုလည်း ပိုမိုတိုးတက်ရရှိစေမည်ဖြစ်သည်။

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

အာဟာရဒါန မေတ္တာအလှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အာဟာရဒါန ပရဟိတမောင်နှမများ၊ အလှူရှင်များနှင့် NOBLE HEART ရှင်ရေး ကူညီမှုအသင်းတို့ စုပေါင်း၍ ရန်ကုန်ဆေးရုံကြီးရှိ လူနာဆောင်အသီးသီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် အတွင်းလူနာများ၊ လူနာစောင့်များကို ယနေ့ နံနက် ၆ နာရီခွဲတွင် အာဟာရဒါနမေတ္တာအလှူအဖြစ် စုစုပေါင်း ငွေကျပ် သိန်း ၈၀ ခန့် တန်ဖိုးရှိ ကြက်သားဆန်ပြုတ်၊ သောက်ရေသန့်၊ ထမင်း၊ ကြက်သားဟင်း၊ ပဲကုလားဟင်း၊ စတီးချိုင့် တစ်လုံး၊ မျက်နှာသုတ်ပဝါ၊ အချိုရည်၊ ပေါင်မုန့်နှင့် သစ်သီး စသည့် လှူဖွယ်ပစ္စည်းမျိုးစုံကို တစ်ဦးချင်းစီ ပေးအပ်လှူဒါန်းသည်။

အာဟာရဒါန ပရဟိတမောင်နှမများနှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ရန်ကုန်ဆေးရုံကြီးနှင့် အခြားဆေးရုံများရှိ လူနာများအတွက် နံနက်စာ အာဟာရဒါနမေတ္တာအလှူအဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်မှစတင်၍ ကြက်သားဆန်ပြုတ်ကိုလှူဒါန်းခဲ့ရာ ယနေ့လှူဒါန်းမှုမှာ (၁၅၉)ကြိမ်မြောက်ဖြစ်ပြီး ကြက်သားဆန်ပြုတ်ကို နေ့စဉ် နံနက်တိုင်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

NOBLE HEART ရှင်ရေးကူညီမှုအသင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မြို့နယ်မှမဆို လူနာများကို ဆေးရုံသို့ အချိန်မီ ပို့ဆောင်ရန်နှင့် ဆေးရုံမှဆင်း၍လိုအပ်သည့်နေရာသို့ ပို့ဆောင်ရန် ဒေါ်ခင်မြမြ(ခူဝံရွှေဆိုင် - ယုဇနပလာဇာ) နှင့် သားသမီးမြေးတစ်စု လှူဒါန်းသည့် အရေးပေါ် လူနာတင်ယာဉ်တစ်စီးနှင့် အခြားအလှူရှင်များ လှူဒါန်းထားသည့် လူနာတင် ယာဉ်တစ်စီး စုစုပေါင်း လူနာတင်ယာဉ် နှစ်စီးဖြင့် စေတနာလုပ်အားဒါနရှင်လူငယ်များက အခမဲ့ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အာဟာရဒါန ပရဟိတ မောင်နှမများ၏ NOBLE HEART ရှင်ရေး ကူညီမှုအသင်းရုံးခန်းကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းရှိ တံလျှပ်စက်တပ်သမ္မန်ဆိပ်၌ ဖွင့်လှစ်ထားသည်။ ဝေဒနာရှင်များ ဆင်းရဲချမ်းသာ လူမျိုးဘာသာမရွေး အရေးပေါ် လူနာတင်ယာဉ် လိုအပ်ပါက နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ ကူညီပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် ဖုန်း ၀၉-၂၅၂၀၁၁၁၅၅၊ ၀၉-၂၅၂၀၂၂၂၅၅နှင့် ၀၉-၂၅၂၂၀၀၀၆၇)တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

(ကိုချစ်)

အရှိန်မထိန်းနိုင်သော ခြောက်ဘီးယာဉ် ရှေ့မှသွားနေသည့် ကြံတင်ယာဉ်အားဝင်တိုက်မိ

ရေတာရှည် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် ညောင်ပင်ကိုင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ခြောက်ဘီးကုန်တင်ယာဉ်မှ ရှေ့က သွားနေသော ကြံတင်ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့၍ နှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်းသိရသည်။ ယာဉ်မောင်း နိုင်လင်းအောင်(၂၇)နှစ် တောင်သာမြို့နေသူမောင်းနှင်သည့် မစ်ဆူဘီရှီ ကင်တာ ၄/--- ခြောက်ဘီးကုန်တင်ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၉၃ နှင့် ၄) အကြားတွင် ရှေ့မှမောင်းနှင်နေသော ကြံတင်ယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ယာဉ်ကြောင့် ယာဉ်၏ဦးခေါင်းကို ပြန်တင်စဉ် ကြံတင်ယာဉ်နောက်ပိုင်းအား ဝင်တိုက်မိပြီး ကြံတင်ယာဉ်မှာ ဆက်လက်မောင်းနှင်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနိုင်လင်းအောင်တွင် နှုတ်ခမ်းအောက်ပေါက်ပြဲ၊ ယာဒူးခေါင်း ဖူးရောင်၊ ဦးခေါင်းပေါက်ပြဲဒဏ်ရာများနှင့် ယာဉ်ရှေ့ခန်း၌ စီးနင်းလိုက်ပါလာသူ မစန္ဒာ(၂၇)နှစ် အင်တဲကျေးရွာ တောင်သာမြို့နယ်နေသူတွင် ဦးခေါင်းယာဘက်၊ နှာခေါင်းတို့တွင် ပေါက်ပြဲဒဏ်ရာများရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက ယာဉ်(ပ)၆/ ၂၀၁၅၊ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကမ္ဘောဇအသင်း အိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရရှိ

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

(တောင်ကြီးကွင်း)

ကမ္ဘောဇ- နှစ်ဂိုး
(စိုးမင်းဦးနှင့် ကျော်ဇေယျာဝင်း)
နေပြည်တော် -တစ်ဂိုး
(နီမောင်မောင်အောင်)

ယခုရာသီတွင်ခြေစွမ်းပိုင်း မတည်ငြိမ်သေးသည့် ကမ္ဘောဇအသင်းမှာ အိမ်ကွင်းပွဲစဉ်တွင်နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြည်တွင်းကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့ပြီး တတိယမြောက်နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာ ယခု ရာသီတွင် နိုင်ပွဲမရသေးဘဲ လေးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ပွဲအစ နှစ်မိနစ်မှာပင် ဝါရင့်တိုက်စစ်မှူး စိုးမင်းဦးက ကမ္ဘောဇအတွက် ဂိုးစတင်သွင်းယူခဲ့သောကြောင့် ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ကမ္ဘောဇအသင်းကစားပုံ ပို၍ကောင်းလာပြီး ၁၂ မိနစ်တွင် ကျော်ဇေယျာဝင်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ နေပြည်တော်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၂၂ မိနစ်တွင် နီမောင်မောင်အောင်က သွင်းယူပေးခဲ့သည်။ အိမ်ရှင် ကမ္ဘောဇအသင်းမှာ ဒုတိယပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ကမ္ဘောဇ တိုက်စစ်မှူး စိုးမင်းဦး၏ထိုးဖောက်မှုကို နေပြည်တော်ဂိုးသမား ကာကွယ်နေစဉ်။

(အောင်ဆန်းကွင်း)

မကွေး - သုံးဂိုး
(စိုးမင်းနိုင်-နှစ်ဂိုး၊ ထူးထူးအောင်)
ဧရာဝတီ -သုံးဂိုး
(ရစ္စတီ-နှစ်ဂိုး၊ မင်းမင်းသူ)

(YUSC ကွင်း)

ရန်ကုန် - ငါးဂိုး
(ဆီဇာ-သုံးဂိုး၊ ကျော်ကိုကိုနှင့် အီမာဆင်း-တစ်ဂိုးစီ)
မနောမြေ- နှစ်ဂိုး
(စည်သူအောင်နှင့် ရောဘတ်)

(သုဝဏ္ဏကွင်း)

ချင်းယူနိုက်တက် - သုံးဂိုး
(ဆောင်လမန်-နှစ်ဂိုး၊ မက်သယူး)
ရတနာပုံ - တစ်ဂိုး
(မက်ဆီမင်)

(မုံရွာကွင်း)

ဇေယျာရွှေမြေ - တစ်ဂိုး
(ဆေးလ်ဗား)
ဟံသာဝတီ- တစ်ဂိုး
(သူစမန်နော့ဗ်)

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဖွဲ့ကပင်နှင့် ရခိုင်

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

ပြည်တွင်းရေးရာ

❐ **ကျောဖုံးမှ**

သန်း ၅၀ ကျော်သော ပြည်သူလူထုက ကျေနပ်ကြပါကြောင်း၊ ယင်းအောင်မြင်မှုသည် ပြည်သူအားလုံး၏ အောင်မြင်မှုဖြစ်ပါကြောင်း၊ နားလည်မှုအပြည့်ဖြင့် ဆွေးနွေးပေးကြသည်မှာ ကျေးဇူးတင်စရာဖြစ်ပါကြောင်း၊ လူငယ်များ၏တက်ကြွမှု၊ လူကြီးများ၏ရင့်ကျက်မှု၊ ပညာရှင်များ၏အသိများနှင့် ပေါင်းစပ်လိုက်ပါက မိမိတို့နိုင်ငံအနာဂတ်လွန်စွာလှပမည်ဖြစ်ပါကြောင်း၊ မူကြမ်းရပြီးပါက ဥပဒေပြင်ဆင်ရေးအပိုင်းများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တစ်တိုင်းပြည်လုံးမျှော်လင့်နေသာ ဥပဒေအသစ်ဖြစ်သည့်အတွက် အဘက်ဘက်ကပြည့်စုံအောင် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ယုံကြည်မှုတည်ဆောက်ရန်မှာ အချိန်များစွာ ယူရပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် ဆောင်ရွက်ကြရန် ပန်ကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Moderator အဖြစ်ဆောင်ရွက်သူ ဒေါက်တာကျော်သူက အားလုံးကတိကဝတ်ပြုထားသည့်အတိုင်း သဘောတူညီချက်များကို အောင်မြင်အောင် ဆက်လက်ဆွေးနွေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်းအစီအစဉ်အဖြစ် လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီအကြံပေးအဖွဲ့ဝင်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက်နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းထွက်ပေါ်လာရေးအတွက် ယနေ့နံနက်ပိုင်းတွင် ဆွေးနွေးသဘောတူညီမှုများ ရရှိခဲ့ကြပါကြောင်း၊ ဥပဒေမူကြမ်းရရှိပြီးဖြစ်၍ ကျောင်းသားများက တောင်းဆိုထားသည့်အချက်များ အဆင့်လိုက်ဆောင်ရွက်ပေးမှုကြောင့် ကျေနပ်အောင်မြင်မှုများရရှိနေပြီဟု ဆိုနိုင်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ်နှင့်အညီ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု၏ အောင်မြင်မှုရလဒ်ကောင်းများဖြစ်ပါကြောင်း၊ တောင်းဆိုချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ သပိတ်စစ်ကြောင်းများအနေဖြင့် အောင်မြင်မှုကိုပိုက်လျက် လက်ရှိနေရာများမှ သက်ဆိုင်ရာဒေသများသို့ ငြိမ်းချမ်းစွာ ပြန်လည်သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ မကြာမီ ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲရာသီရောက်ရှိလာပြီဖြစ်၍ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းအား လွှတ်တော်သို့အမြန်ဆုံးတင်ပြ၍ အတည်ပြုနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာအဖွဲ့များက တင်ပြဆွေးနွေးခဲ့ကြပြီး ပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် သက်ဆိုင်ရာ Working Group များ၏ ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ထပ်မံ၍ အပြီးသတ်ရေးသားပြုစုရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထည်ချုပ်စက်ရုံ(၄)ရုံမှ အလုပ်သမားများ၏ အခြေခံလုပ်ခလစာတိုးမြှင့်ပေးရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ကျောက်နီအထည်ချုပ်စက်ရုံ၊ Eland Myanmar အထည်ချုပ်စက်ရုံ၊ Ford Glory အထည်ချုပ်စက်ရုံနှင့် အင်းစိန်မြို့နယ်ရှိ Costec အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများ၏ လုပ်ခလစာတိုးမြှင့်ပေးရေး ဆန္ဒပြတောင်းဆိုမှုများနှင့်ပတ်သက်၍အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ပြေလည်မှုရရှိစေရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် မြို့နယ် ဖျန်ဖြေရေးအဖွဲ့တို့မှ ညှိနှိုင်းဆောင်ရွက်ပေးမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။**(ယာပုံ)**

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး၌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးထင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများသည် ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်အတွင်း လုပ်ခလစာတိုးမြှင့်ပေးရေး ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပွားနေသည့် ကျောက်နီအထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံ၊ Eland Myanmar အထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံတို့မှ လုပ်ငန်းပိုင်ရှင်များ၊ အတတ်ပညာရှင် နိုင်ငံခြားသားများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယခုဖြစ်ပေါ်နေသည့် အငြင်းပွားမှုများကို ဥပဒေဘောင်အတွင်းမှ အေးချမ်းစွာ ညှိနှိုင်းအဖြေရှာသင့်ကြောင်း၊ အလုပ်ရှင်များဘက်ကလည်း အလုပ်သမားများအပေါ် ကိုယ်ချင်းစာ နားလည်ပြီး တတ်နိုင်သမျှ ညှိနှိုင်းပေးစေလိုကြောင်း၊ တောင်းဆိုမှုများနှင့် ဆက်စပ်ဖြစ်ပေါ်နေသော စက်ရုံရှေ့တွင် အလုပ်သမားများ ပိတ်ဆို့ထားခြင်းမှာ တည်ဆဲဥပဒေအရ သက်ဆိုင်ရာများမှ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်များကြောင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် အကျိုးမဲ့နိုင်သဖြင့် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုထားပြီး အဆင်ပြေအောင် ညှိနှိုင်းပေးစေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာကိစ္စများကို အစွမ်းကုန် ညှိနှိုင်းပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးဦးထင်အောင် ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရွှေပြည်သာစက်မှုဇုန်ရှိ ကျောက်နီအထည်ချုပ်စက်ရုံမှ အလုပ်ရှင်ကိုယ်စားလှယ် အတတ်ပညာရှင် မစ္စတာမာကိုတိုဘာဘာ(ဒါရိုက်တာ)၊ အထွေထွေမန်နေဂျာ ဦးကျော်လင်းအောင်၊ ဦးသက်နိုင်ဦး၊ အလုပ်သမားကိုယ်စားလှယ် ၁၅ ဦးနှင့် အင်းစိန်မြို့နယ်ရှိ Costec အထည်ချုပ်စက်ရုံမှ အလုပ်ရှင် Mrs.Choi Mi Kyong (MD)၊ စကားပြန် မတင်နှင်းသူ၊ အလုပ်သမားကိုယ်စားလှယ် မအေးစန္ဒာဝင်းပါ ငါးဦး၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ၊ အင်းစိန်မြို့နယ် အခြေခံအထည်ချုပ်လုပ်ငန်းရှင်များဥက္ကဋ္ဌတို့နှင့်တွေ့ဆုံပြီး အခြေခံလုပ်ခလစာ တိုးမြှင့်ပေးရန် တောင်းဆိုချက်များအား ဆွေးနွေးညှိနှိုင်းရာ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်အဖွဲ့တို့ ထပ်မံတွေ့ဆုံညှိနှိုင်းရန် ချိန်းဆိုထားကြောင်း သိရသည်။

တွေ့ဆုံညှိနှိုင်းရာတွင် ဒုတိယဝန်ကြီး ဦးထင်အောင်က "အလုပ်သမားတွေအနေနဲ့ မိမိတို့လိုလားချက်များကို တောင်းဆိုတဲ့အခါမှာ ဥပဒေနှင့်အညီ တောင်းဆိုပါ။ လုပ်ပေးနိုင်တဲ့ အတိုင်းအတာထဲကပဲ တောင်းဆိုပါ။ အလုပ်ရှင်တွေကလည်း တတ်နိုင်သမျှတိုးပေးပါ။ အခုဆိုရင် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုတွေဖိတ်ခေါ်နေတာဖြစ်တဲ့အတွက် အခုလိုဖြစ်နေရင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ထိခိုက်လာနိုင်တယ်။ စက်ရုံရှေ့မှာ ပိတ်ပြီးနေတာတို့၊ ဆန္ဒပြတာတို့ မလုပ်ကြပါနဲ့။ ကိုယ့်အလုပ်သမားတွေ မထိခိုက်စေချင်ဘူး။ အလုပ်ရှင်ကိုလည်း မနစ်နာစေချင်ဘူး။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပါ။ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ လုပ်ခလစာကိစ္စက ဥပဒေမှာမပါတဲ့အတွက် ကြားဝင်ညှိနှိုင်းပေးတာပါ။ ပြေလည်အောင် ဆောင်ရွက်ကြပါ။ လုပ်ငန်းခွင်ထဲမှာ အလုပ်လုပ်ရင်း လိုအပ်တာတွေ ရှိနေသေးရင် အလုပ်ရှင်နဲ့ အလုပ်သမား အေးအေးချမ်းချမ်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြပါလို့ပြောချင်ပါတယ်" ဟု ပြောသည်။

အင်းစိန်မြို့နယ် အခြေခံအလုပ်ရှင်အစည်းအရုံး အထည်ချုပ်ဥက္ကဋ္ဌ ဦးမြင့်အောင်က "အလုပ်ရှင်ကို အစိုးရအဖွဲ့က တိုးပေးလိုက်ပါလို့ပြောမယ်။ အလုပ်သမားဘက်ကလည်း မဖြစ်နိုင်တဲ့အတိုင်းအတာကို ဖိအားပေးပြီး တောင်းဆိုမယ်။ ဒါဆို အလုပ်ရှင်အနေနဲ့ ကုန်အမှာတွေ အော်ဒါတွေကလည်း ကျန်နေသေးတယ်ဆိုရင် တောင့်ခံပြီး ပေးလိုက်မယ်။ ဒါပေမယ့် ရေရှည်တော့ ပေးနိုင်မှာမဟုတ်ဘူး။ မလွယ်ဘူးလေ။ ဒီတော့ မကိုက်ရင် ပိတ်သိမ်းဖို့ သေချာသွားပြီ"ဟု ၎င်း၏အမြင်ကို ပြောသည်။

Costec အထည်ချုပ်စက်ရုံမှ အလုပ်သမားကိုယ်စားလှယ် မအေးစန္ဒာဝင်းက "ကျွန်မတို့လုပ်ခက တစ်နေ့မှ ၁၃၅၀ ကျပ်ပဲရတယ်။ ထမင်းစားဖို့ မလောက်ဘူး။ ဒါ့ကြောင့် တစ်နေ့ တစ်ထောင်ကျပ် တိုးပေးဖို့ အခြေခံလစာကို တိုးမြှင့်ပေးဖို့ တောင်းဆိုတာပါ။ ခုထိတော့ မပြေလည်သေးဘူး။ ညှိနှိုင်းနေဆဲပါ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ Eland Myanmar အထည်ချုပ်စက်ရုံမှ ဖေဖော်ဝါရီ ၂ ရက်တွင်လည်းကောင်း၊ ကျောက်နီအထည်ချုပ်စက်ရုံမှ ဖေဖော်ဝါရီ ၃ ရက်တွင်လည်းကောင်း၊ Ford Glory အထည်ချုပ်စက်ရုံမှ ဖေဖော်ဝါရီ ၅ ရက်တွင်လည်းကောင်း၊ အင်းစိန်မြို့နယ်ရှိ Costec အထည်ချုပ်စက်ရုံမှ ဇန်နဝါရီ ၂၈ ရက်တွင်လည်းကောင်း အခြေခံလစာတိုးမြှင့်ပေးရန် အလုပ်သမားများက တောင်းဆိုဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ အကြိမ်ကြိမ်ညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိသည့်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဝင်ရောက်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-သီသီမင်း
ဓာတ်ပုံ-မြင့်ဦး(အင်းစိန်)

သွေးစစ်လက်မှတ်များရရှိရေး ဆောင်ရွက်ပေး

လားရှိုး ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ဖြူ ဦးဆောင်သည့် ဝန်ထမ်းများဖြင့် မိုးပွင့်(အထူး)စီမံချက်အရ မိုင်းရယ်မြို့နယ်အတွင်း ကျေးရွာအုပ်စုများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မိုင်းရယ်မြို့နှင့် ၁၈ မိုင်ကွာဝေးသည့် မန်ဖျတ်ကျေးရွာအုပ်စုမှ ပြည်သူများ မြို့ပေါ်ဆေးရုံသို့ သွားရောက်ရန်မလိုဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် လိုအပ်သည့် သွေးစစ်လက်မှတ်များရရှိရေး ဖေဖော်ဝါရီ ၈ ရက်မှစ၍ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကူညီမှုဖြင့် သွေးစစ်လက်မှတ်များ One Stop Service ဖြင့် ရရှိနိုင်ရေးဆောင်ရွက်၍ မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းများ လွယ်ကူစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ဖေဖော်ဝါရီ ၁၄ ရက်က ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်ကြီး H.E. Kim Jong IL ၏ (၇၃)နှစ်မြောက် မွေးနေ့အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာနှင့် မူဝါဒရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်ဦးအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်(ရန်ကုန်)၌ စစ်ပညာသင်တန်း တက်ရောက်သင်ကြားနေကြသည့် တက္ကသိုလ်ကျောင်းသားအချို့၏ ရင်တွင်းစကားသံများ

သတင်း » ခင်ချိုဝင်း
ဓာတ်ပုံ » ရဲထွဋ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ တက္ကသိုလ်ကြီး စတင်တည်ထောင်စဉ်ကတည်းက တက္ကသိုလ် အရန်တပ်ရင်းကို ဖွဲ့စည်းရန် ကြိုးပမ်းခဲ့ရာ ၁၉၂၂ ခုနှစ် ဇွန်လတွင် တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်းကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း၊ အမှတ်(၁)တက္ကသိုလ် အရန်တပ်ရင်း၊ အမှတ်(၁)တက္ကသိုလ် လေ့ကျင့်ရေးတပ်ဟူ၍ အမည်နာမ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၁၉၈၆ ခုနှစ်ထိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို စစ်အခြေခံပညာများ လေ့ကျင့်သင်ကြားပေးမှုများပြုလုပ်ခဲ့သည်။

ကာလအတန်ကြာ လှုပ်ရှားမှုများ ရပ်တန့်ခဲ့သော တက္ကသိုလ် အရန်တပ်ရင်းသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်(ရန်ကုန်)၊ အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေး တပ်(မန္တလေး)နှင့် အမှတ်(၃)တက္ကသိုလ် လေ့ကျင့်ရေးတပ်(မော်လမြိုင်)တို့တွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ၂၅ ဦး ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ၈၁ ဦး၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ၂၁ ဦးတို့သည် ရန်ကုန်မြို့ရှိ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေး တပ်၌ အခြေခံစစ်ပညာသင်တန်း များကို သင်ကြားလျက်ရှိရာ မြန်မာ့ သတင်းစဉ်အဖွဲ့က သတင်းသွားရောက် ရယူခဲ့သည်များကို ဖော်ပြလိုက်ပါ သည်။

စောခင်ထွန်း(တတိယနှစ် ပြင်သစ်ဘာသာ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်)

ဝတ်စားဆင်ယင်မှုရယ်၊ အလေး ပြုပုံရယ်၊ ဘယ်ညာလှည့်တာရယ်၊ စစ်အခြေခံတွေကစပြီး သင်ပေးနေ တာပါ။ ကျွန်တော်ကတော့ ငယ်ငယ် ကတည်းက ဝါသနာပါတာစစ်သား လည်း လုပ်ချင်တာဆိုတော့ အရမ်း ပျော်ပါတယ်။ ဒီသင်တန်း နှစ်နှစ်လုံး ပြီးဆုံးအောင်တက်ဖို့ စိတ်ကူးထား ပါတယ်။

စောခင်ထွန်း(တတိယနှစ် ပြင်သစ်ဘာသာ၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်)

ကျော်ဇေယျ(ပထမနှစ်မဟာသိပ္ပံ၊ အင်ဂျင်နီယာဘူမိဗေဒဘာသာ၊ ရန်ကုန်တက္ကသိုလ်)

ထိုက်အောင်ဝင်း (တတိယနှစ်၊ရန်ကုန်ပညာရေး တက္ကသိုလ်)

ထက်မြက်အောင် (တတိယနှစ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်)

ဗထူးသန့် (ဒုတိယနှစ်၊ ရူပဗေဒ၊ ရန်ကုန်တက္ကသိုလ်)

ကျော်ဇေယျ(ပထမနှစ်မဟာသိပ္ပံ၊ အင်ဂျင်နီယာဘူမိဗေဒဘာသာ၊ ရန်ကုန်တက္ကသိုလ်)

ကျွန်တော်တို့တက်တာ သုံးရက် ရှိပြီ။ ပထမရက်မှာ စစ်ဝတ်တန်ဆာ ဝတ်စားဆင်ယင်ခြင်း၊ ဒုတိယရက်မှာ ရှေ့နောက်တန်းစီခြင်း၊ ဘေးဘယ်ညာ တန်းစီခြင်း၊ 'သတိတို့' 'အေးစေတို့' ကို သင်ကြားပေးပါတယ်။ အခုလက်ရှိ တတိယရက်မှာ အရှေ့အနောက် လှည့်ပြီး ဘေးဘယ်ညာ လှည့်နည်းကို သင်ကြားပေးနေတာဖြစ်ပါတယ်။ ဒီ စစ်သင်တန်းတက်လိုက်ရတဲ့အတွက် တပ်မတော်သားတွေရဲ့ဘဝကို ခံစား မိတာပေ့ါ။ ကျွန်တော်ကိုယ်တိုင်လည်း ဗိုလ်သင်တန်းကို ဝါသနာပါခဲ့ပါတယ်။

ဒီသင်တန်းက ကျွန်တော်တို့ နိုင်ငံမှာ တစ်ကျော့ပြန်ပေ့ါနော်။ ဟို အရင်တုန်းကဖွင့်တယ်လို့ သိရပါတယ်။ ဒီလို တစ်ကျော့ပြန်ဖွင့်တဲ့အခါမှာ သူငယ်ချင်းတွေကိုလည်း တက်စေချင် တာပါ။ အဲဒီလို တက်တဲ့အခါမှာ နိုင်ငံတော်က လိုအပ်တဲ့အခါမှာ ကျွန်တော်တို့တွေက အုပ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ကျရာကဏ္ဍက နေပြီး ဒီတတ်ထားတဲ့စစ်ပညာနဲ့တာဝန် ထမ်းဆောင်နိုင်မှာဖြစ်သလို ကျွန်တော် တို့တွေရဲ့ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတွေကလည်း ဒီ့ထက်ပိုပြီး ကောင်းမွန်လာမယ်။ ကျောင်းစာတွေ လေ့လာတဲ့အခါမှာလည်း အထောက် အကူဖြစ်စေမှာပါ။

အခုလိုမျိုး တက္ကသိုလ်လေ့ကျင့်ရေး တပ်မှာ နှစ်နှစ်သင်တန်းတက်ခွင့်ရတဲ့ အတွက် ကျွန်တော့်ရဲ့အိပ်မက်ကို လည်း အထောက်အပံ့ဖြစ်စေခဲ့တယ်။ အနီးစပ်ဆုံး ဖြစ်စေခဲ့တယ်။ တခြား သင်တန်းသားတွေအနေနဲ့လည်း တပ်မတော်သားရဲ့ဘဝကို အနီးကပ် ထိတွေ့ခံစားရမယ်လို့ ယုံကြည်ပါတယ်။

ထိုက်အောင်ဝင်း(တတိယနှစ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)

ပထမနေ့မှာ ဦးထုပ်ချွတ်၊ ဦးထုပ်ဝတ် စသင်ပါတယ်။ ဒုတိယနေ့မှာ ပထမဆုံး သင်ခန်းစာဖြစ်တဲ့ သတိ၊ သက်သာ၊ အေးစေ အဲဒါပြီးတော့ ညာညှိတယ်၊ တတိယနေ့ ဒီနေ့မှာဆိုရင် ရှေ့တစ်လှမ်း တက်တာတို့ နောက်တစ်လှမ်းဆုတ် အခြေခံကစပြီး ကျွန်တော်တို့ပြန်သင် ရတာပေ့ါ၊ အရင်တုန်းက ဒီအတတ် ပညာကိုစိတ်ဝင်စားတယ်။ မတက်ခဲ့ ရဘူး။ အခုသင်တန်းတက်ရတော့ ကျေနပ်ပါတယ်။ ကျန်းမာကြံ့ခိုင်ဖို့၊ စည်းကမ်းကောင်းဖို့ လေ့ကျင့်သင်ကြား ပေးတဲ့အတွက် လာတက်ရတာ ကျေနပ်ပါတယ်။ စာသင်ချိန်နဲ့ အချိန် ညှိပေးတယ်။ ဒီသင်တန်းက ပုံမှန် ဆိုရင် ညနေ ၃ နာရီခွဲ၊ ညနေ ၄ နာရီခွဲ အဲဒီအချိန်ဆိုရင်ကျောင်းမှာ စာသင်ချိန်က ပြီးသွားပြီ။ အဲဒါကြောင့် ကျွန်တော်တို့ကျောင်းက သူငယ်ချင်း တွေ စုပြီးလာကြတယ်။

ထက်မြက်အောင်(တတိယနှစ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)

ရန်ကုန်ပညာရေး တက္ကသိုလ် တက်ရင်းနဲ့ တတိယနှစ်မှာ တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွင့်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ တက္ကသိုလ် တက်တဲ့အချိန်မှာ ဒီလိုအခွင့်အရေး ကောင်းကို ရယူတာဖြစ်ပါတယ်။ အခုလို လေ့ကျင့်ရတာ မောတာတော့ ရှိပေမယ့် ကျွန်တော်ခံနိုင်ပါတယ်။ မပင်ပန်းပါဘူး။ ဒီသင်တန်းကို တက်လိုက်ရတဲ့အတွက် စစ်ပညာကို ကိုယ်တိုင်နားလည်ပြီးတော့ ကျွန်တော် တို့က တစ်နေ့ကျရင် ကျောင်းသားတွေ ကို ပြန်လည်သင်ကြားရမယ့်ဆရာဖြစ် တဲ့အတွက်ကြောင့်မို့ ကိုယ့်ရဲ့တပည့် တွေကိုလည်း စစ်ပညာအကြောင်း၊ နည်းပညာစနစ်အကြောင်းတွေကို သေသေချာချာ ပြန်လည်သင်ကြား ပြသနိုင်မယ်လို့ ထင်ပါတယ်။

ဗထူးသန့်(ဒုတိယနှစ်၊ ရူပဗေဒ၊ ရန်ကုန်တက္ကသိုလ်)

ဒီသင်တန်းတက်နေတဲ့ သုံးရက်တာ ကာလအတွင်းမှာ အခြေခံစစ်ပညာ တွေကို ပထမဦးဆုံး သင်ကြားပေးပါ တယ်။ နောက်ရက်တွေမှာတော့ ရပ်လျက်အလေးပြုတာတို့၊ တန်းခွဲ တာတို့ သင်မယ်လို့ပြောပါတယ်။ ဒီ စစ်ပညာက လူတိုင်းတတ်ထားသင့်တဲ့ ပညာလို့ ထင်ပါတယ်။ ကျွန်တော်တို့ သင်ခွင့်ရတဲ့အတွက်လည်း အတိုင်း မသိ ဝမ်းသာပါတယ်။ နောက်လည်း ဒီလိုမျိုး အမြဲတမ်းဖွင့်ပါစေလို့ပဲ ဆုတောင်းတယ်။

ယခုဖွင့်လှစ်လိုက်သော တက္ကသိုလ် လေ့ကျင့်ရေးတပ် စစ်ပညာသင်ကြား ရာတွင် တပ်ဖွဲ့ဝင်ကျောင်းသားများ အတွက် လိုအပ်သည့် စစ်ဝတ်၊ လစာ၊ စရိတ်၊ ရိက္ခာနှင့် ရိက္ခာငွေများကို သင်တန်းချိန်လေ့ကျင့်မှုများအလိုက် နိုင်ငံတော်မှ ကျခံထုတ်ပေးသွားမည် ဖြစ်သည်။

ထို့ပြင် သင်တန်းစစ်ရေးပြကွင်းနှင့် နှစ်မိုင်ကျော်တွင် နေထိုင်ကြသည့် တပ်ဖွဲ့ဝင်ကျောင်းသားများကိုလည်း သတ်မှတ်ခရီးစရိတ်များ ခံစားခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

□□

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြီးကြပ်ရေးမှူးရာထူး၊ ဒု-ကြီးကြပ်ရေးမှူးရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များတွင် လစ်လပ်လျက်ရှိသည့် ပုံနှိပ်စက်ရာထူးနေရာများ ဖြစ်သော ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀) (၆)နေရာ၊ ဒု-ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) (၃)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး (လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀) (၉)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူး(လစာနှုန်းကျပ် ၈၇၀၀၀-၁၀၀၀-၉၂၀၀၀) (၃၀)နေရာများအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသားများ လျှောက်ထားနိုင်သည်။
(၃) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၄) ကြီးကြပ်ရေးမှူးရာထူးအတွက် B.E(Mechanical)(သို့) B.E(Electronic)(သို့) B.E(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ဒု-ကြီးကြပ်ရေးမှူးရာထူးအတွက် B-Tech(Mechanical) (သို့) B-Tech(Electronic)(သို့) B-Tech(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူးအတွက် AGTI(Mechanical) (သို့) AGTI(Electronic)(သို့) AGTI(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။ **(ကျောထောက်နောက်ခံပြု၍ ခန့်ထားပါမည်။)**

ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူးအတွက် စက်မှုသင်တန်းကျောင်းအောင် (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။ **(ကျောထောက်နောက်ခံပြု၍ ခန့်ထားပါမည်။)**

(၅) ဝန်ထမ်းဖြစ်ပါက (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို (၂၈-၂-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၌ ရေးဖြေစာမေးပွဲဖြေဆိုခြင်းကို (၉-၃-၂၀၁၅)ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၂၂၃၊ ၀၆၇-၄၁၂၀၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဥတုရာသီတောကိုမှီ၍

စီပီပြောင်းဖူးများ စိုက်ပျိုးမှုကျယ်ပြန့်လာ

ရေစကြို ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် တစ်ဝိုက်၌ စီပီ ပြောင်းဖူးများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးအောင်မြင်နေသည်ဟု သိရ သည်။

ရေစကြိုမြို့နယ် ညောင်တောအုပ်စု ကူတုတ်ကျေးရွာ၌ စီပီပြောင်း စိုက်ပျိုး သူတစ်ဦးက“ကျွန်မတို့စီပီပြောင်းဖူး ကို မိုးစပါးပြီးတိုင်း စိုက်ပျိုးပါတယ်။ မနှစ်ကတော့ သုည ဒသမ ၈၀ ဧက လောက် ကျယ်ဝန်းတဲ့မြေပေါ်မှာ စိုက်ပျိုးတယ်။ တင်း ၈၀ လောက်ရ တယ်။ တစ်တင်းကို ၆၀၀၀ ကျပ်ရ တယ်။ ပုလဲနှစ်အိတ်ခွဲလောက်ကို နှစ်ကြိမ် အပင်ခြေမှာ ပုံပေးလိုက် တယ်။ ဒီနှစ်တော့ အပေါ်ဖူး အောက်ဖူး ညီတော့ တင်း၁၀၀လောက်မှန်းထား ပါတယ်။ ဒီနှစ်ဈေးကတော့တစ်တင်း ၇၀၀၀ ကျပ်ရတယ်” ဟု ပြောသည်။

ရင်အောင်ဦး(ရေစကြို)

ပဲခူးမြို့ ကော့ချဲကျေးရွာ ဆိုလာစနစ်ဖြင့် မီးလင်းပြီ

ပဲခူး ဖေဖော်ဝါရီ ၁၄

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးမြို့နယ်၏ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းမှ ကော့ချဲကျေးရွာအုပ်စု ကော့ချဲကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် ထက်မျိုးဆွေကုမ္ပဏီ ဒါရိုက်တာ ဦးအောင်ပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြ ကြောင်း သိရသည်။

ကရင်(ပြန်/ဆက်)

ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာမှ ဘိန်းဖြူများ သိမ်းဆည်းရမိ

မူဆယ် ဖေဖော်ဝါရီ ၁၄

မူးယစ်တပ်ဖွဲ့စု(၂၂)မှ ရဲအုပ်ဆန်းဝင်းအောင် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ပန်းခမ်းရဲကင်းမှူး ရဲအုပ်မြင့်ဇော်ဟိန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက မူဆယ်-နမ့်ခမ်းကားလမ်းမရှိ ပန်းခမ်းတံတားအနီး၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နမ့်ခမ်းဘက်မှ XIANFENG 125 လိုင်စင်မဲ့ ဆိုင်ကယ်စီးနင်းလာသည့် ခွန်အောင်ဆိုသူအား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းဝတ်ဆင်သည့် အနွေးထည်အကျႌအတွင်းမှ ဘိန်းဖြူ ၁၂ ဂရမ်အား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီကလည်း ထိုနေရာ၌ပင် MDL CZI-125 လိုင်စင်မဲ့ဆိုင်ကယ်ဖြင့် မူဆယ်ဘက်သို့မောင်းနှင်လာသည့် သက်ထွန်းနှင့် ပိုင်ဖြိုးဝေနှစ်ဦးထံမှ ဘိန်းဖြူ ၄ ဂရမ်ကို ထပ်မံသိမ်းဆည်းရမိခဲ့၍ မူဆယ်မြို့မ ရဲစခန်း၌ မယ(ပ)၁၅/၁၅၊ ၁၆/၁၅၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက မူးရစ်တပ်ဖွဲ့စု(၂၂) မူဆယ်ကွတ်ခိုင်လှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုင်းကျော်မြင့်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် ကွတ်ခိုင်-ကောင်းခါးလမ်းမကြီးပေါ်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် မမာရယ်မောင်းနှင်ပြီး မလွမ်းဆိုင်လိုက်ပါစီးနင်းလာသော YUNDE-125 လိုင်စင်မဲ့ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ စက္ကူဂျပ်ဖာအတွင်း အလေးချိန် စုစုပေါင်း ၅၂၈ ဂရမ်ရှိ ဘိန်းဖြူများကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ရောင်စုံဆပ်ပြာခွက် ၄၄ ခွက်အတွင်း ထည့်သွင်းသယ်ဆောင်ခဲ့ရာ လွယ်ခန်းရွာနေ မာနော်ဆိုသူအမျိုးသားထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယခုအခါ မာနော်မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိရသည်။

၎င်းတို့သုံးဦးအား ကွတ်ခိုင်မြို့မရဲစခန်း၌ မယ(ပ) ၁၅/၂၀၁၅ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁အရ အမှုဖွင့်အရေးယူထားကြောင်းစုံစမ်းသိရှိရသည်။

ဆရာမောင် (မူဆယ်)



လောက်ကိုင်မြို့တွင်း ထိတွေ့တိုက်ပွဲဖြစ်ပွားရာ လူ၊ လက်နက်ခဲယမ်းများသိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လောက်ကိုင်နယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက အင်အားဖြည့်တင်း၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လောက်ကိုင်မြို့တွင်း၌ ကိုးကန့်တိမ်းရှောင်အင်အားအချို့နှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

လောက်ကိုင်မြို့တွင်း၌ အမာခံသတင်းပေးများ၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ မြို့တွင်းရှိ သောင်းကျန်းသူစိမ့်ဝင်အခြေပြုနေရာများတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ည ၇ နာရီထိ သောင်းကျန်းသူထံမှ လက်နက်ငယ်မျိုးစုံ ၉၈ လက်၊ ခဲယမ်းဆက်စပ်ပစ္စည်းနှင့် သောင်းကျန်းသူအလောင်း ၁၃ လောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး အပြင်းအထန်ဒဏ်ရာရရှိသူ ရှစ်ဦးတို့အား ဖမ်းဆီးရရှိခဲ့ကြောင်းနှင့် လောက်ကိုင်မြို့နှင့် ဆက်စပ်ဒေသများတွင် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဘုရားဖူးယာဉ်တိမ်းမှောက် ကျားငါးဦး မ ရှစ်ဦး ဒဏ်ရာရ

မကွေး ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်း ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီက ရွှေစက်တော် ဘုရားဖူးယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ပုသိမ်-မုံရွာကားလမ်းအတိုင်း ရွှေစက်တော်ဘုရားသို့ ဆားလင်းကြီးမြို့နယ် ဖောင်းကသာကျေးရွာနေ ယာဉ်မောင်းမြင့်လွင်(၄၆)နှစ် မောင်းနှင်လာသည့် ၈စ/--- လိုက်ထရပ်အဖြူရောင်ယာဉ်သည် မိုင်တိုင်အမှတ် (၂၇၂) အနီး၊ ရွှေစက်တော်ဘုရားပွဲသို့အဝင် ၃ မိုင်လမ်းဆုံအကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ကျား ၁၀ ဦး၊ မ ၁၈ ဦး အနက် ကျားငါးဦး၊ မရှစ်ဦးတို့မှာ ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းမြင့်လွင်အား မင်းဘူးမြို့နယ် စကုနယ်မြေ ရဲစခန်းက ယာဉ်(ပ)၂/၂၀၁၅၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မာလာ(မကွေး)

❖ **စတုတ္ထအကြိမ်မြောက်မှ**

၂ မိနစ် ၂၀ ဒသမ ၉၀ စက္ကန့်ဖြင့် ပထမ၊ စံပယ်သင်း (ရန်ကုန်)က ၂ မိနစ်၂၉ ဒသမ ဝ၄ စက္ကန့်ဖြင့် ဒုတိယ၊ ငြိမ်းချယ်ရီထွန်း(မန္တလေး)က ၂ မိနစ် ၄၂ ဒသမ ၂၅ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား အမျိုးသမီးမီတာ ၄၀၀ လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲ၌ ရန်ကုန်က ၄ မိနစ်၂၄ ဒသမ ၉၃ စက္ကန့်ဖြင့် ပထမ၊ မန္တလေးက ၄ မိနစ် ၃၃ ဒသမ ၁၄ စက္ကန့်ဖြင့် ဒုတိယ၊ ပဲခူးက ၄ မိနစ် ၃၄ ဒသမ ၆၀ စက္ကန့်ဖြင့် တတိယအသီးသီးရရှိကြသည်။

စစ်တုရင်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဆိုရှယ်ဇုန်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲ၌ ကစားသမား ၄၉ ဦး၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် လူငယ်ပြိုင်ပွဲ၌ ကစားသမား ၃၇ ဦး၊ မြန်မာ့ရိုးရာစစ်တုရင်အလွတ်တန်းပြိုင်ပွဲ၌ ၃၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသား (၅၀) ကီလိုမီတာ တစ်ဦးချင်း စံချိန်ပြုပွဲ စက်ဘီးပြိုင်ပွဲကို နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်း အပြင်ပတ်လမ်း၌ ကျင်းပရာ ၂၄ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျော်ထွန်းဦး(မန္တလေး)က ၁နာရီ၁၀မိနစ် ၂၅ ဒသမ ၉၃ စက္ကန့်ဖြင့် ပထမ၊ မြတ်သူဇော်(တနင်္သာရီ)က ၁နာရီ၁၃မိနစ် ၄၂ ဒသမ ဝ၅ စက္ကန့်ဖြင့် ဒုတိယ၊ ရဲခန့်မွန်(ကရင်)က ၁ နာရီ ၁၄ မိနစ် ၁၆ ဒသမ ဝ၄ စက္ကန့်ဖြင့် တတိယရရှိကြသည်။

တင်းနစ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ တင်းနစ်ကွင်း၌ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပဲခူးက နေပြည်တော်ကို (၃-၀)ဖြင့် လည်းကောင်း၊ ရန်ကုန်က ချင်းကို (၃-၀)ဖြင့် လည်းကောင်း၊ မန္တလေးက မကွေးကို (၃-၀)ဖြင့် လည်းကောင်း၊ ရခိုင်က ကရင်ကို (၃-၀)ဖြင့် လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ကြက်တောင်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပရာ ရန်ကုန်က မကွေးကို လည်းကောင်း၊ ရှမ်းက ကရင်ကို လည်းကောင်း၊ တနင်္သာရီက ကယားကို လည်းကောင်း၊ နေပြည်တော်က ပဲခူးကို လည်းကောင်း၊ ရန်ကုန်က မွန်ကို လည်းကောင်း (၃-၀)ဖြင့် အသီးသီးအနိုင်ရကြသည်။

ခရစ်ကက်ပြိုင်ပွဲကို နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပဲခူးက မကွေးကို (၁၅၆)မှတ်အသာဖြင့် လည်းကောင်း၊ ရန်ကုန်က နေပြည်တော်ကို 7 Wicket ဖြင့် လည်းကောင်း၊ မန္တလေးက ရခိုင်ကို ၁၁၆ မှတ်အသာဖြင့် လည်းကောင်း၊ ဧရာဝတီက တနင်္သာရီကို ၇၁ မှတ်အသာဖြင့် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်က ရခိုင်ကို (၁၆၄) မှတ်အသာဖြင့် လည်းကောင်း၊ မန္တလေးက ပဲခူးကို ၉၅ မှတ်အသာဖြင့် လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဂေါက်သီးပြိုင်ပွဲကို နံနက် ၇ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ ဒုတိယနေ့အပြီးတွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ရန်ကုန်က စုစုပေါင်းရိုက်ချက် ၄၃၃ ချက်ဖြင့် ပထမ၊ နေပြည်တော်က စုစုပေါင်းရိုက်ချက် ၄၄၇ ချက်ဖြင့် ဒုတိယ၊ မန္တလေးက စုစုပေါင်းရိုက်ချက် ၄၅၂ ချက်ဖြင့် တတိယ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၌ ရန်ကုန်က စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမ၊ ရခိုင်က စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယ၊ နေပြည်တော်က စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် တတိယ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ဟိန်းစည်သူ(ချင်း)က စုစုပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် ပထမ၊ ကျော်သက်ဦး(တနင်္သာရီ)က စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ ဇင်မင်းသူ(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် တတိယ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ခင်မာနွယ်(ရခိုင်)က စုစုပေါင်းရိုက်ချက် ၇၆ ချက်ဖြင့်ပထမ၊ မေဦးခိုင်(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၇၆ ချက်ဖြင့် ဒုတိယ၊ ဖူးပွင့်ရတီခိုင်(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၇၇ ချက်ဖြင့် တတိယရရှိနေကြသည်။

ဝူရှူးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ ထောက်လုပြိုင်ပွဲ ပွဲစဉ် ၁၃ ပွဲ၊ ဆန်းဆို ပွဲစဉ် ၁၂ ပွဲယှဉ်ပြိုင်ကြသည်။

ယနေ့တွင် ဘောလုံး၊ ဖူဆယ်၊ ရိုးရာလှေလှော်၊ ရေကူး၊ ကြက်တောင်၊ ဘိလိယက်/စနူကာ၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဂေါက်သီး၊ တင်းနစ်၊ ဝူရှူး၊ ခရစ်ကက်၊ ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖေဖော်ဝါရီ ၂၀ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပသွားမည်ဖြစ်သည်။

လောက်ကိုင်မှ ဒုက္ခသည်များအား လားရှိုးတက္ကသိုလ် စုပေါင်းပါဝင်ကူညီ

လားရှိုး ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့အနီးဝန်းကျင်ရှိ စစ်ဘေးသင့်၍ စစ်ရှောင်ပြေးလာသော ပြည်သူများနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းမိသားစုများအား လားရှိုးတက္ကသိုလ် သချာၤမိသားစုမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ဈေးရောင်းပွဲကျင်းပပြီး ရန်ပုံငွေမှရရှိသော ငွေများကို ပါမောက္ခ/ဌာနမှူး ဆရာမကြီး ဒေါ်ဉဉမြင့်က ဦးဆောင်၍ လားရှိုး အထက(၁) ဒုက္ခသည်စခန်းသို့ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် အဝတ်အစားများနှင့် အာဟာရကျွေးမွေးရေးအတွက် သွားရောက်အားပေးကူညီသည်။

ထိုဒုက္ခသည်စခန်းတွင် ဒုက္ခသည်အင်အား ၃၀၀ ကျော်ရှိပြီး အများအားဖြင့် ကျောင်းဆရာ ဆရာမများဖြစ်သည်။ ထိုဒုက္ခသည်များအတွက် အန္ဒေးထည် ၃၀၀၊ အာဟာရကျွေးမွေးရေးအတွက် ငွေကျပ် နှစ်သိန်းသုံးသောင်း စုစုပေါင်း ငွေကျပ် ခုနစ်သိန်း သုံးသောင်း လှူဒါန်းရခြင်းအတွက် ဝမ်းမြောက်ကြောင်းနှင့် မိမိလို နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများကို မည်သည့်အခက်အခဲဖြင့် ကြုံရပါစေ စိတ်ဓာတ်ရေးရာ အားမငယ်စေလိုကြောင်း စသည်ဖြင့် အားပေးကူညီသည်။ ကျန်ဒုက္ခသည်စခန်းများဖြစ်သော လားရှိုးမြို့ သီရိမင်္ဂလာ ရှမ်းကျောင်း၊ မန်ဆူကျောင်းနှင့် ဗမာမန်ဆူဘုန်းကြီးကျောင်းများလည်း ရှိသေးကြောင်း သိရသည်။ **အောင်ကျော်(လားရှိုး)**

မြို့နယ် ၂၈ မြို့နယ်ရှိ ဆေးရုံများတွင် လက်ထောက်ဆရာဝန်များ ခန့်အပ်ထားပေးမည်

မန္တလေး ဖေဖော်ဝါရီ ၁၄။ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိဆေးရုံများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်ရာထူးနှင့် သွားဆရာဝန်ရာထူးများအတွက် ဖြည့်စွက်ခန့်ရန် နှုတ်ဖြေစာမေးပွဲများကျင်းပပြီး စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ခန့်ထားရာတွင် လက်ထောက်ဆရာဝန်လစ်လပ်နေရာ ၅၆ နေရာ၊ သွားဆရာဝန် ခြောက်နေရာ စုစုပေါင်း ၆၂ နေရာအတွက် ၇၆၈ ဦးလာရောက်လျှောက်ထားကြပြီး ဖေဖော်ဝါရီ ၇ ရက်မှစပြီး မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတွင် နှုတ်ဖြေစာမေးပွဲများကျင်းပပြီး ရွေးချယ်လျက်ရှိကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါရာထူးနေရာများတွင် လက်ထောက်ဆရာဝန် ၅၆ နေရာအတွက် လျှောက်ထားသူ ၆၅၅ ဦးနှင့် သွားဆရာဝန် ခြောက်နေရာအတွက် လျှောက်ထားသူ ၁၁၃ ဦးတို့ရှိကြပြီး လစ်လပ်နေရာများတွင် အမြန်ဆုံးခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောင်ရဲသွင်)

ရှေ့တန်းရောက် တိုက်ပွဲဝင်စစ်သည်၊ ရဲမေများ ဂုဏ်ပြုအနုပညာပဒေသာကပွဲ အသိပေးတင်ပြအပ်ပါသည်

မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့ နယ်မြေများတွင် အကြမ်းဖက်သောင်းကျန်း တိုက်ခိုက်သူ အင်အားများစွာကို မိမိနိုင်ငံ လုံခြုံရေးနှင့် အေးချမ်းရေးအတွက် တိုက်ပွဲဝင်ကြသော စစ်သည်များ၊ အသက် စွန့်လွှတ်လှူဒါန်းခဲ့ကြ၍လည်ကောင်း၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ဆုံးရှုံးခဲ့၍လည်းကောင်း၊ တိုက်ပွဲဝင်ကြသော စစ်သည်နှင့် ရဲမေများကို ဂုဏ်ပြုသောအားဖြင့် ရန်ပုံငွေ "အနုပညာ ပဒေသာကပွဲ" ကို စစ်တက္ကသိုလ် အမှတ်စဉ်(၁၀)သင်တန်း (ဒသမညီနောင်များ)က စည်းရုံး၍ အမျိုးသားဇာတ်ရုံ (ရန်ကုန်)တွင် ကျင်းပရန်ရှိပါသည်။

စိတ်ဝင်စားသူ နိုင်ငံချစ်၊ တပ်မတော်ချစ်၊ တပ်မတော်သားဟောင်းများ၊ မိသားစုများ ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။

(က) ဦးတင်ဝင်း - အငြိမ်းစား (ဗိုလ်ကြီး)၊ ဗလအမှတ်-၆၀၀
ဖုန်းအမှတ်- ၀၉-၄၀၀၆၀၀၅၀၀

(ခ) ဦးမင်းဆွေ - အငြိမ်းစား(ဗိုလ်မှူး)၊ ဗလအမှတ်-၅၇၇
ဖုန်းအမှတ်- ၀၉-၅၁၈၁၂၇၈

မှတ်ချက်။ ။ (၁) ဤဂုဏ်ပြုရန်ပုံငွေမှ မည်သည့်ဝန်ဆောင်မှုကြေးမျှသုံးခြင်း၊ ပေးချေခြင်း၊စာရင်းနုတ်ခြင်း ပြုမည်မဟုတ်ပါ။ မည်သူမဆို ဖော်လံတီယာဖြစ်ပါသည်။
(၂) ညှိနှိုင်းအစည်းအဝေးကို ၁၆-၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပါမည်။

ဒသမညီနောင်များအဖွဲ့ **(DSA-10)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ အဆောက်အအုံ/အခန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး(ရန်ကုန်မြို့)
Lot(1) အမှတ်(၅၇၉)၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ် (၁-၃-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(2) အမှတ်(၁၃၆/၁၃၈)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ အခန်း(A)၊ (၁-၃-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(3) အမှတ်(၁၃၆/၁၃၈)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ အခန်း(C) (၁-၃-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(4) အမှတ်(၃၈)၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ အခန်း(၂/၃) (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(5) အမှတ်(၃၈)၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ အခန်း(၁၁/၁၂) (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(6) အမှတ်(၉၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ် (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(7) အမှတ်(၅၄၄)၊ ရာဇသင်္ကြန်လမ်း၊ မြောက်ဒဂုံမြို့နယ် (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)

(ခ) မန္တလေးတိုင်းဒေသကြီး(မန္တလေးမြို့)
Lot(8) အမှတ်(၂၆၇)၊ (၂၇)လမ်း၊(၈၃×၈၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ (ယာဘက်အခန်း)၊ (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(9) အမှတ်(၂၆၇)၊ (၂၇)လမ်း၊ (၈၃×၈၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ (ဝဲဘက်အခန်း) (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)

(ဂ) မကွေးတိုင်းဒေသကြီး(ပခုက္ကူမြို့)
Lot(10) လွတ်လပ်ရေးလမ်းနှင့် ဆုတောင်းပြည့်လမ်းထောင့်၊ ပခုက္ကူမြို့၊ (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်။)

(ဃ) ပဲခူးတိုင်းဒေသကြီး (တောင်ငူ၊ ပဲခူးမြို့)
Lot(11) ပဆ-၁၄၊ ၀၀၇၉၊ (၆)လမ်းနှင့် ကုန်သည်လမ်းထောင့်၊ တောင်ငူမြို့၊ (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)
Lot(12) ပဆ-၁၁၁၉၊ (၂၁)လမ်း၊ ပန်းလှိုင်ရပ်၊ ပဲခူးမြို့ (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)

(င) မွန်ပြည်နယ်(မော်လမြိုင်မြို့)
Lot(13) ပဆ-၁၁၇၁၊ အမှတ်(၉၈)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့၊ (၁-၄-၂၀၁၅ရက်မှ စတင်ငှားရမ်းပါမည်)

(စ) တင်ဒါရောင်းချမည့်ရက်/အချိန် - ၁၁-၂-၂၀၁၅ရက်မှ ၁၇-၂-၂၀၁၅ရက်ထိ နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ
(ဆ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၂-၂၀၁၅ရက်၊ မွန်းလွဲ ၁၆း၃၀နာရီ
(ဇ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ရုံးအမှတ်၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်
(ဈ) တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန် - ၁၉-၂-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(ည) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ - ၁၉-၂-၂၀၁၅ ရက် ၁၃း၀၀နာရီ
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ ခန်းမဆောင်သစ်၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့်အဆောက်အအုံ/အခန်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၁သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ စက်ရုံများရှိ ဝင်းသူဇာအရောင်းဆိုင် လက်ကျန်ပစ္စည်းများအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည် ဖြစ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းများ - အထည်အလိပ်များ၊ ဆေးဝါးနှင့်စားကုန်များ၊ စက္ကူနှင့်အိမ်သုံးပစ္စည်းများ၊ ကြွေထည်မြေထည်ပစ္စည်းများ(ရောင်းချမည့်ပစ္စည်းများအား သက်ဆိုင်ရာစက်ရုံများ၌ မျက်မြင်ကြည့်ရှုနိုင်ပါသည်။)

၃။ ဈေးပြိုင်တင်ဒါပုံစံရောင်းချမည့်နေရာ -
(က) အမှတ်(၅)၊ အထည်စက်ရုံ(ပခုက္ကူ)၊ အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ) (ရေစကြို၊ မြိုင်၊ ကျောက်ထု၊ တောင်သာ၊ ဆော၊ ပေါက် ဝင်းသူဇာ)
- (ခ) အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး) (ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ ဝင်းသူဇာ)
- (ဂ) အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်) အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ရုံးခွဲ ပုညဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (အနောက်မရမ်းကုန်း၊ မြို့မဈေး ဝင်းသူဇာ/ ပြည်ဝင်းသူဇာ)

၄။ ဈေးပြိုင်ရောင်းချမည့်အချိန် - နံနက် ၁၀ နာရီ

၅။ ဈေးပြိုင်ရောင်းချမည့်နေရာ - ၂၂-၂-၂၀၁၅ ရက်၊ ပခုက္ကူမြို့၊ အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ)
- ၂၃-၂-၂၀၁၅ရက်၊ ဆားလင်းကြီးမြို့၊ အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)
- ၂၅-၂-၂၀၁၅ ရက်၊ ရန်ကုန်မြို့၊ အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ရုံးခွဲ

၆။ အသေးစိတ်သိရှိလိုပါက - ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၈၃၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

၁၄-၂-၂၀၁၅ ရက်(စနေနေ့) တွင် ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်တို့နှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် အကြီးအကဲများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများကိုလည်းကောင်း၊ ထိုနေ့နံနက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယရှေ့နေချုပ် ဝဏ္ဏကျော်ထင်ဦးထွန်းထွန်းဦးနှင့် ဇနီးဒေါ်တင်တင်ဝင်းအားလည်းကောင်း၊ မင်္ဂလာဘိသိက်အောင်သြဘာစာဖတ်ကြားပေးပါသော မင်္ဂလာဘိသေက အကျိုးတော်ဆောင် ဦးသန်းမြတ်စိုးအားလည်းကောင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော မောင်ရဲစွမ်းထက်၊ မယုယရင်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မပန်းကြာဝေ၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မဇွန်ပန်းမြင့်၊ မင်္ဂလာသတို့သားအရံများအဖြစ် ကူညီဆောင်ရွက်ပေးပါသော မောင်မြင့်နေမောင်၊ မောင်ထွဋ်မြတ် အောင်၊ မောင်ဖြိုးကိုကိုမြတ်၊ မောင်မျိုးကျော်ခိုင်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ကူညီဆောင်ရွက်ပေးပါသော မလှသူဇာ၊ မခင်လင်းမော်၊ မကြည်ပြာ၊ မမြင့်မွန်ဌေးအောင်၊ ဝတ်စုံအလှ ဆင်မြန်းပေးပါသော မဇူဇူ (Zu Zu Collection)၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်အေးအေးခိုင် (MIRACULUS)၊ ဘိသိက်အခမ်းအနားနှင့် ပန်းအလှဆင်ယင်ပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့၊ မိတ်ကပ်/ဆံပင် အလှဆင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာဘိသိက် အခါတော်ပေးသီဆိုပေးပါသော ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency မှ စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့် Video ဖြင့် မှတ်တမ်းတင်ပေးကြပါသော Seven Pictures အားလည်းကောင်း၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ပေးပါသော ကိုလင်းထွန်း (Life Photography)အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများ စီစဉ်ပေးပါသော ကန်တော်ကြီးပဲလေ့စ်မှ ဦးစိန်ဝင်းနှင့် ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ် နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
မောင်ဗညားအောင်-မမြပန်းချစ်

စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
သီရိပျံချီ ဗိုလ်ချုပ်ခင်မောင်မြင့် (ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်ဝင်းဝင်းနု တို့၏ တစ်ဦးတည်းသော သား
ဗိုလ်မှူးခင်ဇော်ဟိန်း (အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး၊ တအက-၅၀၀)-
မဆုသစ်သစ်ထွန်း (Managing Director, Royal Sandakuu Group of Companies) တို့၏ မောင်

ဗိုလ်ကြီးမြင့်မောင်မောင်

B.E (Chemical),D.S.T.A

နှင့်

နေပြည်တော်နေ
ဗိုလ်မှူးကြီးမောင်မောင်အုန်း(ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ဒေါ်သန်းနွဲ့ တို့၏
တစ်ဦးတည်းသော သမီး၊ မောင်သက်ဦးမောင်၏ ညီမ

မမဥ္ဇူမောင်

B.A(E.P.P)

M.B.A, Northampton University (UK)

တို့၏ ၇-၂-၂၀၁၅ ရက်နေ့ ကရဝိတ်နန်းတော်တွင် ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်မင်္ဂလာညစာစားပွဲ၌ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းအားလည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးကံချွန် (ငြိမ်း)နှင့် ဇနီး ဒေါ်ခင်မာမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းနှင့်ဇနီး ဒေါ်သန်းသန်းမော် တို့အားလည်းကောင်း၊ (၁၄-၂-၂၀၁၅)ရက်နေ့ Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့် ဇနီးဒေါ်မာလာတင့်၊ လက်ထပ်မင်္ဂလာ လက်စွပ်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီးဒေါ်မူမူဆွေ၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီတို့အားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် လူကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီးမိသားစုကိုလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ မိသားစုကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့် မိသားစု၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း ၏ ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီး ဒေါ်ခင်လေးသက်နှင့် မိသားစု၊ မင်္ဂလာညစာစားပွဲနှစ်ပွဲလုံးတွင် လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲများ၏ မိသားစုများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၏ ဇနီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်ဖက်မိဘများ၏ မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၀)မှ သူငယ်ချင်းများနှင့်ဇနီးများအား လည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးခြင်းနှင့် ညစာစားပွဲတွင် မင်္ဂလာပန်းကြဲပေးပါသော Tammy ဝင်းထွန်းထွန်းနှင့် စံထိပ်ထားဦး၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မကြယ်စင်ထွန်းလင်းနှင့် မမေဘုန်းမြင့်၊ မင်္ဂလာပန်းကုံးဗန်းကိုင် ဆောင်ရွက်ပေးပါသော မနန်းဟွမ်စန္ဒီ၊ မင်္ဂလာလက်စွပ်ဗန်းကိုင် ဆောင်ရွက်ပေးပါသော မပြည့်မိုးမိုး၊ မင်္ဂလာရွှေဆွဲကြိုးဗန်းကိုင် ဆောင်ရွက်ပေးပါသော စံထိပ်ထားဦး၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးလင်းထက်ပိုင်၊ ဗိုလ်ကြီးမျိုးလွင်ထွန်း၊ မောင်ကောင်းထက်ဝမ်းနှင့် မောင်ရဲရင့်မောင်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မနွေးဇော်ဦးနှင့် မမေသော်ဟိန်း၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Great Diamond Gems & Jewellery၊ She Shine Gems & Jewelleryနှင့် ခမ်းလီ စိန်ရွှေရတနာဆိုင်၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးပေးပါသော မိတ်ကပ်အဆိုင်နှင့် အဖွဲ့တို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော ဦးဇော်လတ်၊ ဦးခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံစီစဉ် ဆောင်ရွက်ပေးပါသော Designerပြည်စိုးအောင်၊ မင်္ဂလာဖိတ်စာ ဖန်တီးပေးပါသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင်နှင့်အဖွဲ့၊ Forever Wedding Dress & Photo Studio အဖွဲ့တို့အားလည်းကောင်း၊ တီးဝိုင်းနှင့် အနုပညာရှင်များ စီစဉ်ပေးပါသော ဦးခင်မောင်ဆွေ("ခိုင်ပြည့်စုံ"အထည်ချုပ်စက်ရုံ) အဖွဲ့နှင့် တေးသံရှင်များအား လည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြား လက်ထပ်မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးနှင့် မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်းတို့အားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာ အခမ်းအနားတွင် မင်္ဂလာအခါတော်တေး သီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများ စီစဉ်ပေးပါသော ကရဝိတ်နန်းတော်မှ မန်နေဂျာ ဒေါ်ခင်ပို့ပို့ဝင်းနှင့် ဝန်ထမ်းများအား လည်းကောင်း၊ မင်္ဂလာညစာစားပွဲအခမ်းအနားတွင် မင်္ဂလာအခါတော်တေးသီဆိုပေးပါသော စိုးစန္ဒာထွန်းနှင့် Sedona Hotel မှ မန်နေဂျာ ဒေါ်လီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၈-၂-၂၀၁၅ ရက်နေ့ အင်းယားကန်ဖျားကျောင်းတွင် ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကပ်လှူခြင်း ညစာစားပွဲတွင် တက်ရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ မိတ်ဆွေများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်ဖက်ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် ဗိုလ်ကြီးမြင့်မောင်မောင်-မမဥ္ဇူမောင်

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရေးထိုးခဲ့သော “ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်” ကို ထောက်ခံကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နေပြည်တော်၌ တွေ့ဆုံကြပြီး “ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment for Peace and National Reconciliation)”ကို လက်မှတ်ရေးထိုးကြောင်း သိရှိရပါသည်။

အဆိုပါကတိပြုချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သော လက်နက်ကိုင် ပဋိပက္ခကို အပြီးတိုင်ရပ်တန့်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသော ခြေလှမ်းဖြစ်သည့်အတွက် မိမိတို့ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအားလုံးသည် ဤ “ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်”ကို ခြွင်းချက်မရှိ အပြည့်အဝထောက်ခံပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စက်မှုလက်မှုနှင့်စီးပွားရေးတိုးတက်မှုများအတွက် ငြိမ်းချမ်းရေးသည် အထူးလိုအပ်သော အချက်တစ်ချက်အဖြစ် မိမိတို့အနေဖြင့် အလေးအနက်ယုံကြည်ပါကြောင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရောင်နီများသန်းလာသည်ကိုမြင်ရ၍ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝမ်းမြောက်ဝမ်းသာ ဝိုင်းဝန်းကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရေးထိုးခဲ့သော “ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်” ကို ထောက်ခံကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နေပြည်တော်၌ တွေ့ဆုံကြပြီး **“ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက် (Deed of Commitment for Peace and National Reconciliation)”**ကို လက်မှတ်ရေးထိုးကြောင်း သိရှိရပါသည်။

အဆိုပါကတိပြုချက်သည် ပြည်ထောင်သမ္မတမြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင် ပဋိပက္ခကို အပြီးတိုင်ရပ်တန့်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသော ခြေလှမ်းဖြစ်သည့်အတွက် မိမိတို့ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအားလုံးသည် ဤ **“ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်”**ကို ခြွင်းချက်မရှိ အပြည့်အဝထောက်ခံပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စက်မှုလက်မှုနှင့် စီးပွားရေးတိုးတက်မှုများအတွက် ငြိမ်းချမ်းရေးသည် အထူးလိုအပ်သော အချက်တစ်ချက်ဖြစ်ကြောင်း မိမိတို့အနေဖြင့် အလေးအနက်ယုံကြည်ပါကြောင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရောင်နီများသန်းလာသည်ကိုမြင်ရ၍ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

ပြည်တွင်းရေးရာ

သွားလာမှုလွယ်ကူချောမွေ့စေရန် ပင်မှီအိုင်ယားလမ်း ကတ္တရာလမ်းသစ်ဖွင့်

အောင်ပန်း ဖေဖော်ဝါရီ ၁၄

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် ပင်မှီအိုင်ယားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်က စတင်ဖောက်လုပ်ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ပြီးစီးကြောင်း၊ အရှည်ပေ ၄၂၅၀၊ အကျယ် ၁၂ ပေရှိပြီး ဤလမ်းကြီးကို ဒေသခံတိုင်းရင်းသားများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် ရည်ရွယ်ပြီး အစိုးရအဖွဲ့၏ အကူအညီဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ငွေကျပ် ၂၇၉ ဒသမ ၁ သန်းခန့် ကုန်ကျခဲ့ကြောင်း အဆိုပါလမ်းပြီးစီးသွားသောကြောင့် အနီးအနားရှိ အိုင်းယား၊ ပေါ်တုပ်၊ ထနောင်းပင်၊ ငုံးတုံဒေသရှိ တိုင်းရင်းသားပြည်သူများ သွားလာရေးနှင့် ကုန်စည်ပို့ဆောင်မှုများလည်း လွယ်ကူမြန်ဆန်ပြီး ယခင် တစ်နာရီသွားရမည့် ခရီးကို ယခု နာရီဝက်ခန့်ဖြင့် လမ်းပေါက်နေပြီဖြစ်ရာ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(အေးအေးမြင့်)

ပဲခူးမြို့ အထက(၃) ကျောင်းရှေ့၌ လူကူးခုံးကျော်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဝ၇၅)

စာစီစာကုံးပြိုင်ပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားတက္ကသိုလ်၌ ကျင်းပရာ တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၄၃ဦး တို့က "အနာဂတ်အရေး မျှော်ရည်တွေး အောင်ဆန်းကဲ့သို့ ရင်သွေးပြုစုပေး" ခေါင်းစဉ်ဖြင့် ပါဝင်ရေးသားယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၄၄၉)

သွေးသည်အသက်

မှုခင်းကျဆင်းရေး အောက်ခြေအထိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျဆောင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်သွားလာခြင်းသည် ယာဉ်မတော်တဆမှုတစ်ခု ဖြစ်မလာစေရေးအတွက် ကြိုတင်ကာကွယ်မှု တစ်ခုဖြစ်သည်။ တစ်ကိုယ်ရည်မှုခင်းကာကွယ် လျှော့နည်းရေးအသိရှိခြင်းမှ မိသားစုလုံခြုံရေး၊ ကျေးလက်၊ မြို့နယ်လုံခြုံရေး တရားဥပဒေစိုးမိုးရေးဖြစ်ပေါ်လာစေမည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းအသီးသီးတွင် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းနယ်မြေအတွင်းရှိ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ရပ်မိရပ်ဖများ အထောက်အပြုအဖွဲ့များနှင့် နယ်မြေရဲတပ်ဖွဲ့ဝင်များ တွေ့ဆုံ၍ မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ရဲမှူး ဇော်ဝင်းရှိန်နှင့် စခန်းမှူး၊ ဒုရဲမှူးတို့က ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် ဆောင်ရွက်ရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့ဝင်တို့ပေါင်းစပ်ရမည့် လုပ်ငန်းကိစ္စများ၊ နယ်ထိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများကို ဆွေးနွေးခဲ့ပြီး အောက်ခြေအဆင့်ထိ လူထုကို မှုခင်းအသိပညာများ အမှန်တကယ် သိရှိလာအောင် ကျယ်ပြန့်စွာ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

(ကိုကိုနေ)

ကျန်းမာရေးစစ်ဆေးပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ရာမာဓိပတိ ဆေးရုံနှင့်စရီရာ့ချ်ဘုရင့်ဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီးနှင့် အထွေထွေသမားတော်ကြီးတို့ ဦးဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေ ကျောင်းဆရာတော် ဘဒ္ဒန္တနိမလနှင့် တပည့် ဒါယကာ ဒါယိကာမများက ပရဟိတကုသိုလ်အဖြစ် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ၊ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ကျန်းမာရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရောဂါဝေဒနာ ဆေးမှတ်တမ်းများ ယူလာပေးပါရန် အသိပေးထားကြောင်း သိရသည်။

မောင်မောင်သန့်(ကြေးမုံ)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းမိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသည်။

အဆိုပါ အခြေခံပညာ အလယ်တန်း၊ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က "ပြည်ထောင်စုပန်းတို့ဆင်မြန်း၊ စိတ်ဝမ်းလက်ညီ ပြည်ရေးချီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၁၆ တို့က "ပြည်ထောင်စုကြီးခိုင်မြဲဖို့ လက်တွဲညီညာဆောင်ရွက်စို့"ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲအား တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလွင်ဟူး၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဖိုးချမ်း-မုံရွာ)

သုခလမ်းညွှန်

ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပား-ပခုက္ကူ(ဆီမီး ၁၀၀၀ ပန်း ၁၀၀၀)	Feb 27
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော	Feb 28
အင်းဝ-မင်းကွန်း-မန္တလေး-ဒီးဒုတ်ရေတံခွန်နှင့်ရေပြာအိုင်	Feb 28
ရွှေစက်တော်/အလောင်းတော်ကဿပ	သောကြာ(အပတ်စဉ်)
ပြည်-အကောက်တောင်-ပျူမြို့ဟောင်း	စနေ(အပတ်စဉ်)

Ph:01-539459,09-252929772,33,44,55,66

CNG TAXI

ငှားရန်ရှိသည်

2D/-------စပေါ် ၂၀၀၀၀၀

အုံနာကြေး ၁၅၀၀၀ငြိမ်း၊ နံနက် ၆နာရီ-ည ၇နာရီ၊ ပုဇွန်တောင်မြို့နယ်၊

Ph: 09 5503141

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) ၃၉လမ်း (မြေညီထပ်)
၁၂½ပေ× ၄၀ပေ
(၂) သီရိမင်္ဂလာလမ်း (၆လွှာ)၊
၁၅ပေ×၆၀ပေ အဆင့်မြင့်ပြင်ဆင်ပြီး
(၃) သီရိမင်္ဂလာလမ်း (ဒါဘာ)၊
၃၀ပေ×၆၀ပေ
(၄) တွံတေးမြို့
(၂. ၂၈ဧက)လုပ်ငန်းလုပ်ခွင့်ရှိသည်။
(၅) ညောင်နှစ်ပင်ဇုန်၃ (၁၀ ဧက)

ဆက်သွယ်ရန်ဖုန်း ၀၉-၄၄၈၀၂၁၆၂၀၊ ၀၉- ၂၅၁၀၂၃၀၀၃

ကျန်းမာရေးဆောင်းပါး

ရေခဲသေတ္တာထဲ သိမ်းမထားသင့်တဲ့ အစားအစာ ငါးမျိုး

à ayjuf&yjuf

ရေခဲသေတ္တာဆိုတာ အစားအစာတွေကို လတ်ဆတ်စေဖို့၊ မပုပ်မသိုးစေဘဲ တာရှည်ခံဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်စေဖို့ဆိုပြီး အပူချိန်လျှော့ချ၍ အအေးခံသိမ်းဆည်းထားတဲ့ နေရာလေးဖြစ်တာမို့ ဇိမ်ခံပစ္စည်းမဟုတ်ဘဲ အိမ်တစ်အိမ်အတွက် မရှိမဖြစ်ပစ္စည်းတစ်ခုလေးပါပဲ။ အိမ်ရှင်မများအတွက် သက်မဲ့အတွင်းရေးမှူး (လက်ထောက်)ဆိုလည်း မမှားပါဘူး။

ဒါပေမယ့် သဘာဝနဲ့ ဆန့်ကျင်ပြီး အပူချိန်လျှော့ချကာ အအေးခံပေးထားတာဖြစ်လို့ အစားအစာ (အားလုံး)ကိုတော့ ရေခဲသေတ္တာထဲ ထည့်သိမ်းလို့ မရနိုင်ပါဘူး။ အချို့ အစားအစာတွေကို အေးခဲထားလိုက်တဲ့အခါ မူလအနံ့၊ အရသာကို ပျက်ပြယ်သွားစေတဲ့အပြင် အချိန်မတိုင်ခင် ပုပ်သိုးနွမ်းအိသွားစေလို့ပါ။

အာလူး

အာလူးတွေက အလင်းသိပ်မကြိုက်ကြပါဘူး။ ခြောက်သွေ့တဲ့နေရာနဲ့ သဘာဝအခန်းအပူချိန်ကိုသာ ကြိုက်ကြပါတယ်။ အကယ်၍ အာလူးကို ရေခဲသေတ္တာထဲ ထည့်လိုက်တဲ့အခါ သူ့ရဲ့မူလအရသာများ ပျက်စီးသွားပါတော့တယ်။ ဒါ့ပြင် ချက်ပြုတ်တဲ့အခါ တော်တော်နဲ့ မနူးအိလာတော့ဘဲ စားတဲ့အခါမှာ မာဆတ်ဆတ်ဖြစ်သွားပါတယ်။ အာလူးအခွံပေါ်မှာ အစိမ်းရောင်သန်းနေရင် (လုံးဝ)မဝယ်ပါနဲ့။ အဆိပ်ဖြစ်စေတတ်လို့ပါ။ (ထိုနည်းတူစွာပင် ပိန်းဥ၊ ကန်စွန်းဥတွေကိုလည်း ရေခဲသေတ္တာထဲ သိမ်းမထားသင့်ပါဘူး။)

ကြက်သွန်နီ

ကြက်သွန်နီတွေကို ပုံမှန် အခန်းအပူချိန်ထဲမှာသာထားပေးရပါမယ်။ ကြက်သွန်နီတွေ ကြာကြာခံစေဖို့အတွက် ဇာကွက်၊ ပိုက်ကွန်အိတ်တွေက အကောင်းဆုံးပါပဲ။ နောက်ထပ် အရေးကြီးဆုံးအချက်က ကြက်သွန်နီတွေနဲ့ အာလူးတွေကို အတူတူရောမထားသင့်ပါဘူး။ ကြက်သွန်ထဲမှာပါတဲ့ သဘာဝဟင်းခတ်အမွှေးအကြိုင်ရနံ့တွေကို အာလူးက စုပ်ယူပစ်လို့ပါ။ ဒါ့ပြင် ကြက်သွန်နဲ့ အာလူးများအားလုံး တစ်ခဏတွင်းမှာပင် ပုပ်သွားစေပါတယ်။ (ကြက်သွန်နီတွေကို တစ်နေ့တာ ချက်ပြုတ်ဖို့အတွက် လိုအပ်သလောက်သာ အခွံနွှာပါ။ အကယ်၍ အခွံနွှာထက်ခြမ်းခြမ်းပြီးတော့မှ ပိုလျှံ၍ နောက်နေ့မှ သုံးတဲ့အခါ အစာအိမ်ကို အဆိပ်ပြုစေပြီး အော့အန်စေနိုင်ပါတယ်။ အဲဒီလို ပြဿနာမဖြစ်ရလေအောင် အခွံနွှာပြီးသား ပိုလျှံနေတဲ့ကြက်သွန်နီတွေကို အပူပေး၊ ဆီသတ်၍ အအေးခံပြီးနောက် ဘူးထဲမှာရေလုံအောင် ဖုံးပြီးမှသာ ရေခဲသေတ္တာထဲ ထည့်သိမ်းပေးပါ။ ဘူးလေလုံဖို့အရေးကြီး ပါတယ်။ လေမလုံပါက ရေခဲသေတ္တာတစ်ခုလုံး အနံ့ဆိုးထွက်ပြီး အထဲမှာရှိတဲ့ တခြားပစ္စည်းအားလုံးကို အနံ့ကူးကာ လတ်ဆတ်မှုမရှိစေတော့ပါဘူး။)



ကြက်သွန်ဖြူ

ကြက်သွန်အဖြူတွေကိုလည်း ကြက်သွန်နီတွေလိုပဲ ဇာကွက်၊ ပိုက်ကွန် အိတ်တွေထဲထည့်ပြီး အခန်းအပူချိန်မှာသာ သိမ်းထားသင့်ပါတယ်။

ခရမ်းချဉ်သီး

အိမ်ရှင်မတိုင်းလိုလိုက ခရမ်းချဉ်သီးတွေကို ရေခဲသေတ္တာထဲသိမ်းထားမှ ကြာကြာခံတယ်လို့ ထင်မှတ်မှားနေကြပါတယ်။ အဲဒီလို သိမ်းထားခြင်းက ခရမ်းချဉ်သီးရဲ့ အနံ့အရသာတွေ(အားလုံး) ပျက်ယွင်းသွားစေလို့ အင်မတန်မှားယွင်းတဲ့ အပြုအမူဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ခရမ်းချဉ်သီးတွေကို ပလတ်စတစ်အိတ်ထဲလေလုံအောင်ထည့်၍ ပုံမှန်အခန်းအပူချိန်မှာသာ သိမ်းထားရပါမယ်။ (အကယ်၍ ခရမ်းချဉ်သီးတွေကို မြန်မြန်မှည့်စေချင်ရင် စက္ကူအိတ်မှာ သိမ်းပေးပါ။)

ငှက်ပျောသီး

ရခိုင်၊ ဖီးကြမ်း၊ သီးမွှေး၊ ရွှေငှက်ပျောစတဲ့ ငှက်ပျောသီး ဘယ်အမျိုးအစားတွေကိုမဆို ရေခဲသေတ္တာထဲ (လုံးဝ)သိမ်းမထားသင့်ပါဘူး။ အဲဒီလို သိမ်းထားလိုက်တဲ့အခါ မကြာမီ အတွင်းမှာပင် ငှက်ပျောသီးကို အအေးရိုက်၍ ငှက်ပျောခွံတွေ မည်းလာပြီး အနံ့အရသာ၊ ကျန်းမာရေးဂုဏ်သတ္တိတွေအားလုံး ခေတ်ပြယ်သွားစေပါတယ်။ ငှက်ပျောသီးရဲ့ သဘောတရားက မကြာခဏထိကိုင်မိတဲ့အခါ အပူလောင်ပြီး ပျော့လာတတ်တာမို့ ငှက်ပျောသီးအခိုင်တွဲကို အလယ်ကနေကြိုးခွချည်ပြီး တိုင်မှာချိတ်ထားပေးပါ။ ငှက်ပျောသီးရဲ့ အညှာကို ပလတ်စတစ်အစနဲ့ တုပ်ချည်ပေးခြင်းက နောက်ထပ်လေးရက် သို့မဟုတ် ငါးရက်လောက် အထားခံပါတယ်။ (ငှက်ပျောခွံပေါ်မှာ အမည်းအစက်အပြောက်ပါတဲ့ အသီးတွေက အပင်ပေါ်မှာ ကြာကြာရင့်မှည့်လာတာမို့ အရသာပိုကောင်းပြီး ဆေးစွမ်းပိုထက်ပါတယ်။) **ကိုးကား–** DAILY HEALTH TIPS

လျှပ်စစ်မီးသွယ်တန်းနိုင်ရေး မတည်လှူဒါန်းငွေ ပေးအပ်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းကျေးရွာတွင် ကျေးရွာတွင်း လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် မတည်ငွေ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မတည်လှူဒါန်းငွေပေးအပ်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများတက်ရောက်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကျေးရွာတွင်းမီးသွယ်တန်းနိုင်ရေးအတွက် ထာဝရအလင်းအလှူအဖြစ် မတည်လှူဒါန်းငွေကျပ်သိန်း ၅၀ ကို မန္တလေးမြို့နေ (ဗိုလ်ကြီးအုန်းခိုင်)-ဒေါ်သန်းနွဲ့(သား)ကိုမိုးခိုင်ဦး+မမြင့်မြင့်မိုး မိသားစုတို့ကပေးအပ်လှူဒါန်းရာ ကျေးရွာမီးလင်းရေးကော်မတီမှ ဦးခင်မောင်တင့်နှင့် ဦးမြသောင်းတို့ကလက်ခံရယူခဲ့ကြသည်။

အဆိုပါ စိတ္တိန်းကျေးရွာ လျှပ်စစ်မီးကို သဘာဝပိုဗိုလန်စက်ရုံမှ ကျေးရွာအရောက်သွယ်တန်းသွားမည်ဖြစ်ပြီး အကွာအဝေးမိုင် ၅ ဒသမ ၁ မိုင်နှင့် ထရန်စဖော်မာအတွက် ကုန်ကျငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၃၅ ဒသမ ၃၃ သန်းဖြင့် ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ထရန်စဖော်မာမှ ကျေးရွာအတွင်း မီးသွယ်တန်းမှု ကုန်ကျစရိတ်အား ကျေးရွာ ပြည်သူထည့်ဝင်ငွေများ၊ အလှူရှင်လှူဒါန်းငွေများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုလှူဒါန်းငွေကျပ်သိန်း ၅၀သည် ပထမဆုံး မတည်ငွေဖြစ်သည်။

ကိုနေ(ကျောက်ပန်းတောင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

DENKO

[illegible]

No.	Position	Vacancy	Educational Qualification	Experience
1.	CEO (Chief Executive Officer)	1	MBA, MPA, MDevS,MCom,MEcons (or) Any Postgraduate Degree Holder with Any Business Related Diploma	At least (8) years at senior management level
2.	Senior General Manager	1	MBA, MPA, MDevS,MCom,MEcons (or) Any Postgraduate Degree Holder with Any Business Related Diploma	At least (5) years at managerial level
3.	General Manager (HR)	1	Any degree holder with additional related Diploma/ Certificate (Preferably graduates from Institutes of Economics)	At least (5) years at managerial level
4.	General Manager (Purchasing)	1	Any degree holder with additional related Diploma/ Certificate	At least (5) years at managerial level
5.	Marketing Manager	1	Any degree holder with additional related Diploma/ Certificate (or) Dip in Sales & Marketing	At least (3) years at managerial level
6.	BODs' Secretary	1	Any degree holder with additional related Diploma/ Certificates (Prefer MBA)	At least (2) years at managerial level
7.	Management Trainee	5	Any degree holder with good English & Computer Skills	Fresh Graduates (or) No Working Experience

All above positions required fluency in English, interpersonal skills, good Computer skills, excellent communications and presentation skills. Only shortlisted candidates will be contacted for the interview.

MAPCO Building, No.100, Corner of Wardan Street & Kan Nar Road,Besides Concrete Express Way, Myanmar Port Authority Township (in front of AGD bank, Lanmadaw Branch)
Ph: 012301824~26, Email: mapco.hr@gmail.com, www.mapco.com.mm

Samsung Smart TV ရှေ့တွင်စကားပြောဆင်ခြင်ရန်လိုအပ်ဟု Samsung သတိပေး

Samsung က ၎င်း၏ ဖောက်သည်များအနေဖြင့် Samsung ၏ နောက်ဆုံးထွက်ရှိခဲ့သော Smart TV ရှေ့တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များနှင့် ထိရှလွယ်သော ကိစ္စရပ်များကို ဆွေးနွေးခြင်းမပြုရန် သတိပေးထားသည်။ သို့သော် ထိုသတိပေးချက်သည် ရုပ်မြင်သံကြား ကြည့်ရှုနေသူများအနေဖြင့် Smart TV တွင် အသံလှုပ်ရှားမှု အင်္ဂါရပ် (Voice Activation Feature) ကို ယှဉ်တွဲအသုံးပြုနေစဉ်အတွင်းသာ သတိထားကြရန်ဖြစ်သည်။

အဆိုပါ TV များသည် ယင်းတို့ရှေ့၌ မည်သူများ မည်သို့ ပြောဆိုနေသည်ဆိုသည်ကို အလိုအလျောက် နားထောင်အသံသွင်းယူနေမည်ဖြစ်ကာ Samsung၊ ဒါမှမဟုတ် တတိယအဖွဲ့အစည်းတစ်ခုခုသို့ ထိုအချက်အလက်များကို ဝေမျှပေးနေမည်ဖြစ်သည်။

အွန်လိုင်းမဂ္ဂဇင်း Daily Beast ၌ Net-Connected အမျိုးအစားဖြစ်သော ယင်းတီဗွီနှင့်ပတ်သက်၍ "ဒီ Smart TV တပ်ဆင်ထားတဲ့ အခန်းအတွင်း ရောက်ရှိနေတဲ့ လူတွေရဲ့ ပြောစကားတွေအားလုံးကို သူ့အလိုလို နားထောင်အသံသွင်းနေပြီး စာသားအဖြစ် ဘာသာပြန်နိုင်ရုံမက ဝေးလံတဲ့နေရာဒေသတွေအထိ ပို့လွှတ်ပေးနိုင်တဲ့ စွမ်းအင်မျိုး ပါရှိပါတယ်။ တကယ်လို့ သင့်အနေဖြင့် ပြောစကားတွေထဲမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ ဒါမှမဟုတ် ထိရှလွယ်တဲ့ အကြောင်းအရာမျိုးပါခဲ့ရင် ဒီအချက်တွေအားလုံးကို အခြားတတိယအဖွဲ့အစည်း တစ်ခုခုကို ရောက်ရှိသွားစေနိုင်ပါတယ်"ဟု ဖော်ပြထားသည်။

အီလက်ထရွန်နစ် နယ်သစ်ဖောင်ဒေးရှင်း (EFF) ၏ အကြံပေးအရာရှိ ကော်ရယ်မက်ရှယ်ရီက Daily Beast သို့ ပြောကြားခဲ့ရာတွင် "ကျွန်မသာ Samsung Smart TV ဝယ်ယူမယ့် ဖောက်သည်တစ်ဦးဆိုပါစို့။ ဘယ်သူက တတိယအဖွဲ့အစည်းလည်းဆိုတာ သိဖို့ လိုအပ်တာပေါ့။ ပြီးတော့ ကျွန်မပြောတဲ့ စကားတွေက လုံခြုံမှုရှိတဲ့ ပုံစံတစ်ရပ်နဲ့ ရှိနေသလားဆိုတာကို တိတိကျကျ သိဖို့လည်း လိုအပ်ပါတယ်"ဟု ဆိုသည်။

Samsung ၏ မူဝါဒဆိုင်ရာ ရှင်းလင်းဖော်ပြချက်တွင် ယင်းအသံလှုပ်ရှားမှု အင်္ဂါရပ်ကို အဝေးထိန်းခလုတ် (Remote Control) ကို အသုံးပြုပြီး ဆောင်ရွက်နိုင်မည်ဖြစ်ကာ အသုံးပြုသူများအနေဖြင့် မိမိ၏ ကိုယ်ပိုင်သီးသန့်ဘဝ လုံခြုံမှုရှိစေရန်အတွက် ယင်း Smart TV တွင် ပါရှိသော အချို့ Feature များကို အသုံးပြုသင့်၊ မသင့် မိမိဘာသာဆုံးဖြတ်ရမည်ဖြစ်သည်။ အကယ်၍ အသံဆိုင်ရာ အချက်အလက်မလိုအပ်ပါကလည်း အသုံးမပြု၍ ရသည်။

သို့သော် Smart TV ဝယ်ယူထားသူများအနေဖြင့် အသံစနစ်အသုံးပြုထားခြင်း ရှိ မရှိ ဆိုသည်ကို မျက်နှာပြင်ပေါ်ရှိ မိုက်ခရိုဖုန်း အမှတ်အသားပေါ်နေခြင်းကို ကြည့်၍သိရှိနိုင်မည်ဖြစ်သည်။ Samsung မှ ဘီဘီစီသို့ ပြောကြားခဲ့ရာတွင် တတိယအဖွဲ့အစည်းဆိုသည်မှာ နျူးဝမ့်အဖွဲ့အစည်းဖြစ်ပြီး ယင်းအဖွဲ့အစည်းက ပြောစကားများအားလုံးကို စာသားအဖြစ် အလိုအလျောက် ပြောင်းလဲနိုင်သော ဘာသာပြန်စနစ်ကို ချုပ်ကိုင်ထားသည့် အဖွဲ့တစ်ရပ်ဖြစ်သည်ဟု အတည်ပြုခဲ့သည်။



သို့သော် ဗြိတိန်သတင်းအချက်အလက် နည်းပညာရှင်တစ်ဦး၏ တွေ့ရှိချက်အရ LG TV များသည် ပထမဆုံး သတင်းအချက်အလက် စုဆောင်းသည့်စနစ်ကို ၂၀၁၃ ခုနှစ်ကတည်းက စတင်မိတ်ဆက်ပြီး အသုံးပြုနိုင်ရန် ဖန်တီးပေးခဲ့သော အမှတ်တံဆိပ်ဖြစ်သည်ဟု ဖော်ပြထားသည်။

(မေလှဲ့သင်း)

Apple ukÜDwGfea&mifjcnf;Gt ifkvfyk&;pce;opfwnfqmuf

Apple ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး တင်မ်ကွတ်စ်၏ ပြောကြားချက်အရ သူ့ကုမ္ပဏီ၏ စတော့ဈေးကွက်သည် ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ အထိရောက်ရှိသွားခဲ့သည်ဟု အင်္ဂါနေ့က ပြောကြားခဲ့ကြောင်း REUTERS သတင်းဌာနက ဖော်ပြခဲ့သည်။

ဆက်လက်၍ သူက ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ သန်း ၈၅၀ ခန့်ကို နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစခန်းတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ ရင်းနှီးမြှုပ်နှံရခြင်းမှာ ကုမ္ပဏီ၏ လျှပ်စစ်ဓာတ်အားအသုံးစရိတ်ကို လျှော့ချရန်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ကုမ္ပဏီသည် ဧက ၁၃၀၀ ကျယ်သော ဆိုလာစခန်းကို ကယ်လီဖိုးနီးယားရှိ မွန်တာရေး စီရင်စုတွင် အမေရိကန်ဒေါ်လာ ၈၄၈ သန်းဖြင့် အကုန်ကျခံ ဆောက်လုပ်သွားမည်ဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်နယူးဝက်ခ်ရှိ အချက်အလက်စင်တာ Apple ရုံးများနှင့် Apple စတိုးဆိုင် ၅၂ ခုသို့ နေရောင်ခြည်စွမ်းအင်ကို ပေးပို့အသုံးပြုသွားမည်ဖြစ်သည်။

ယင်းအစီအစဉ်သည် ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံးစွဲမှုအပေါ် သိသိသာသာ အကျိုးသက်ရောက်နိုင်မည်ဟု ကွတ်ခ်က ဆက်လက်ပြောကြားခဲ့သည်။

ယင်းဆိုလာစီမံကိန်းသည် ဧက ၇၃၀၀၀ ကျယ်သော ကယ်လီဖိုးနီးယားအိမ်ရာစီမံကိန်း၏ တစ်စိတ်တစ်ဒေသလည်းဖြစ်ကာ စီးပွားရေးလုပ်ငန်းအတွက် တည်ဆောက်ပေးခဲ့သော အကြီးဆုံးစီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

၎င်းစီမံကိန်းကြီး ပြီးဆုံးသွားပါက ဆိုလာစွမ်းအင် ၁၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကယ်လီဖိုးနီးယားရှိ အိမ်ပေါင်း ၅၀၀၀၀ ကို စွမ်းအင်ပေးပို့နိုင်မည်ဖြစ်သည်။

ယင်းစီမံကိန်းအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ်နှစ်လယ်ပိုင်းတွင် စတင်လုပ်ဆောင်မည်ဟု ယူဆရပြီး ၂၀၁၆ ခုနှစ်အကုန်တွင် အပြီးသတ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ခင်ခင်သက်

❑ ❑ ❑

yif,acwfi ,0fus;rlvufrsm;ud yif,*lubD;yk;jrGvkhMuEdkif

à wdvref

ပင်းယသည် မြန်မာ့သမိုင်းတွင် ပုဂံခေတ်ပျက်သုဉ်းပြီးနောက် သက္ကရာဇ် ၆၇၄ ခုနှစ်မှ ၇၂၆ ခုနှစ်အတွင်း သမိုင်းတွင်အရေးပါသော မြို့တစ်မြို့ ခေတ်တစ်ခေတ်ဟုပင် တင်စားနိုင်သည်။ ပင်းယ ခေတ်သည်ပုဂံခေတ်၏ ယဉ်ကျေးမှုအမွေများ၊အနုပညာလက်ရာများကို မပျောက်ပျက်အောင် ထိန်းသိမ်းအမွေခံရင်း အင်းဝခေတ်သို့ လက်ဆင့်ကမ်း အမွေပေးခဲ့သော ခေတ်ဟုပင် တင်စားနိုင်သည်။

ပင်းယခေတ် ယဉ်ကျေးမှုလက်ရာများသည် ပုဂံနည်းတူ အဆင့်အတန်းမြင့်မားသည်။ ပင်းယကို သီဟသူမင်းသည်သက္ကရာဇ် ၆၇၄ခုနှစ် တပေါင်းလဆန်း ၁၅ ရက်ဗုဒ္ဓဟူးနေ့တွင် တည်၍ ဝိဇယပူရဘွဲ့နာမည်တပ်ကာ နန်းတော်၊ မြို့တော်၊ ကျုံးတော်၊ ရွှေဂူဘုရား (ဂူတော်သစ်)အတွင်း ရွှေကျောင်း၊ ရွှေစည်းခုံ၊ ထောက်ရှည်ကန်(ကန်လှ) ခုနစ်ဌာနကို တစ်ခါတည်းပြိုင်၍ တည်ခဲ့သည်။

ကျုံးနန်းနှင့်မြို့တော်သည် မင်းနှင့်ဆိုင်ပြီး ကျောင်းဂူဘုရားတို့သည် သာသနာတော်နှင့်သော်လည်းကောင်း ကန်သည် ပြည်သူနှင့်သော်လည်းကောင်း ဆိုင်သည်ဟု ဆိုနိုင်သည်။ ပင်းယခေတ်သည်သက္ကရာဇ် ၆၇၄ မှ ၇၂၆ အတွင်း နှစ်ပေါင်း ၅၂ နှစ်ခန့်သာ ဖြစ်တည်ထွန်းကားခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်မများပြားခဲ့သော်လည်း အင်းဝခေတ်သို့ ပုဂံခေတ်လက်ရာများကို အမွေပေးနိုင်ခဲ့သည်။ ပင်းယခေတ်လက်ရာများကို ပင်းယဂူကြီးသုံးလုံးတွင် လေ့လာနိုင်သည်။ ဂူကြီသုံးလုံးသည် တံတားဦးမြို့၏ တောင်ဘက် အင်းဝ-တံတားဦး လေယာဉ်ကွင်းသွား လမ်းမကြီး၏ အနောက်တောင်ဘက် ကုန်းပေါ်တွင် တည်ရှိသည်။

ဂူကြီးသုံးလုံးသည် တောင်မြောက်တန်းနေပြီး သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးနေပြီဖြစ်သည်။ တောင်ဘက်ဆုံးဂူသည် အနည်းငယ်ပျက်၍ အလယ်နှင့် မြောက်ဆုံးဂူသည် အပျက်အစီးများနေသည်ကို တွေ့ရသည်။ ဂူကြီးများ၏အတွင်းတွင် ဆင်းတုတော်လေးဆူစီ ထည့်သွင်းအပူဇော်ခံထားသည်။ ဂူကြီးသုံးလုံး၏ အပြင်ပိုင်းတွင် ဇာတ်ရုပ်စဉ့်ကွင်းများဖြင့် တန်ဆာဆင်ထားသည်။

ဂူကြီးသုံးလုံးအနက် တောက်ဘက်နှင့် အလယ်ဂူတွင် နံရံဆေးရေးပန်းချီများရှိခဲ့သော်လည်း ပျက်စီးနေသည်ကိုတွေ့ရသည်။ ကျောက်စာလည်း တွေ့ရှိရပြီး ပင်းယခေတ်တွင် စိတ်ဝင်စားဖွယ်ရာစနစ်မှာ စိုက်ပျိုးသီးနှံများကိုခွဲပေးပုံစနစ်ဖြစ်သည်။ ပင်းယခေတ်တွင် လယ်ယာထွက်သီးနှံကို ခွဲဝေယူရာတွင် စိုက်သူနှစ်စု ဘုရားတစ်စုခွဲဝေယူရန်ဖြစ်သည်ဟုလည်း ကျောက်စာမှတ်တမ်းများအရ သိရသည်။

၁၉၉၄-၁၉၉၅ ခုနှစ်တွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနအနေဖြင့် ပင်းယဂူကြီးသုံးလုံး ဖော်ထုတ်ထိန်း သိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်ထားသည့်အတွက် ပင်းယ ခေတ်လက်ရာများကို ပင်းယ ဂူကြီးသုံးလုံးတွင် လေ့လာနိုင်ကြောင်း သိရသည်။

မိုးပွင့်(အထူး) စီမံချက်ကွင်းဆင်း ဆောင်ရွက်

မော်လူး ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စုအတွင်းရှိ အုန်းဒုတ်ကျေးရွာနှင့် မင်းသာကျေးရွာတို့၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးနေသော မိုးပွင့်(အထူး) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ် လ.ဝ.က ရုံးမှ ဦးစီးအရာရှိ ဦးအောင်သူဦးဆောင်၍ တိုက်နယ်မှူး ဒေါ်အေးအေးဆွေ (လ/ထ လ.ဝ.က မှူး)နှင့် ရုံးအဖွဲ့ဝန်ထမ်းများမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့က နိုင်ငံရေးသား စိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့် လဲလှယ်၊ မိတ္တူကူးဆောင်ရွက်ခြင်းတို့ကို လူဦးရေ ၅၄ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညိုမင်းထက်(မြန်မာစာ)

နိဗ္ဗာန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ဝါးခယ်မတွင် ကျင်းပ

ဝါးခယ်မ ဖေဖော်ဝါရီ ၁၄

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် နိဗ္ဗာန်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်တို့က ဖွင့်လှစ်ပေးကြကြောင်းသိရသည်။

အဆိုပါ နိဗ္ဗာန်လမ်းသည် မင်းပိုင်းရပ်ကွက်နှင့် သံကြိုးတိုင်ရပ်ကွက်နှစ်ခုအကြားတွင် တည်ရှိကာ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာနေသည့် အဓိကလမ်းဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၆၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ်နှစ်သိန်းခွဲ အကုန်အကျခံကာဆောက်လုပ်ခဲ့သည်။ လမ်းအရှည် ပေ ၅၆၀ နှင့် အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

လွှမ်းသီဟ

ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

မော်လူး ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ နမီးကျေးရွာအုပ်စု ကွင်းငို့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ ခရိုင် ကျေးလက် ဦးစီးမှူး ဦးသောင်းမြင့်၊ မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မော်လူးဒေသ နမီးကျေးရွာအုပ်စု ကွင်းငို့ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများအား ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ကွင်းငို့ ကျေးရွာသည်မော်လူးမှ ၁၂ မိုင်ခန့် ကွာဝေးသည့်ကျေးရွာတစ်ရွာ ဖြစ်ပြီး ၂၄နာရီလျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာဖြစ်သည်။

အဆိုပါကျေးရွာတွင်အိမ်ခြေ ၁၁၀ ရှိရာ အိမ်ခြေအားလုံးကို ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

ယင်းကွင်းငို့ကျေးရွာ မီးလင်းရေးအတွက် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၂၂၀ဖြင့် လင်းရာမကုမ္ပဏီမှ တင်ဒါစနစ်ဖြင့် လုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ခင်မောင်ဆွေ**

မတ်ပဲနှင့်ပဲတီစိမ်း စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

နတ်တလင်း ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်(အနောက်ခြမ်း) မြို့ခြံကျေးရွာအုပ်စုမှစပြီး နတ်တလင်း-တာပွန်ကားလမ်းဘေးတစ်လျှောက် မတ်ပဲနှင့် ပဲတီစိမ်းစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်ကြောင်း သိရသည်။

"ကျွန်မတို့လယ် ဧက ၅၀ ကို ပဲတီစိမ်းစိုက်ပျိုးထားပါတယ်။ အခု ရိတ်သိမ်းပြီးစုပုံနေတာပါ။ ယခင်ကဆိုရင် ရိတ်ပြီးအိမ်ကိုသယ် တလင်းဖြန့်ပြီး နွားနဲ့နယ်ရတယ်၊ ပဲဆန်ဖြစ်အောင် လေတိုက်တဲ့အချိန်စောင့်ပြီး လှေ့ ရတယ်။ အခုတော့ရိတ်ပြီးလယ်ထဲမှာပဲခြွေလှေ့စက်နဲ့ လုပ်ရတော့ တစ်ခါတည်းပဲဆန်ရတယ်။ စက်မှုလက်မှုတွေ ထွန်းကားလာတော့ လူတွေအားစိုက်ရတာ သက်သာသွားပါပြီ။ ပဲပင်တွေ အသီးအနှံဖြစ်ထွန်းအောင်မြင်အောင် ပိုးပွားအန္တရာယ်တွေ မကျရောက်အောင်တော့ ဆေးဖျန်းပေးရတယ်။ အလုပ်သိပ်မများလှပါဘူး။ ပဲတီစိမ်းက ပျမ်းမျှတစ်ကျိုးကို လေးတင်းလောက်ထွက်ပါတယ်။ အခုလက်ရှိပေါက်ဈေးကတော့ ပဲတီစိမ်းတစ်တင်းကို သုံးသောင်းကျော်မှာရှိနေပါတယ်။ ဒီဘက် ပတ်ဝန်းကျင်ကျေးရွာတွေ တော်တော်များများကတော့ မတ်ပဲနဲ့ ပဲတီစိမ်းတွေ စိုက်ပျိုးကြတာများတယ်" ဟု ဝန်တဲ၊ သဲကုန်းရွာမှ တောင်သူဦးကြီးဦးဘိုကေ၏သမီးက ပြောပြသည်။ **ဝ၇၁**

ငါန်းဇွန်မြို့နယ်၊မင်းလှကုန်းကျေးရွာ စက်ရေတွင်းသစ်ဖွင့်လှစ်

ငါန်းဇွန် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မင်းလှကုန်းကျေးရွာတွင် ၆၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင် ငါန်းဇွန်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် ရတနာရွှေလက်ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးခဲ့သည်။

မင်းနေကုန်းကျေးရွာတွင် တူးဖော်ဖွင့်လှစ်ပေးခဲ့သောစက်ရေတွင်းသည် ပေ ၆၀၀ အနက်ရှိပြီး လေးလက်မပိုက်ရေတွင်းဖြစ်သည်။ယင်းစက်ရေတွင်းအနီးတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီး ရေများသိုလှောင်၍ ကျေးရွာရှိပြည်သူများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

အမရပူရမြို့နယ် မယ်တော်စုကျေးရွာတွင် ကျေးရွာချင်းဆက်လမ်းဖွင့်လှစ်

အမရပူရ ဖေဖော်ဝါရီ ၁၄

အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာအုပ်စု မယ်တော်စုကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း၊ ပညာတံခွန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် လျှပ်စစ်ထရန်စဖော်မာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာတွင် ကျင်းပခဲ့သည်။

ကျေးရွာချင်းဆက်လမ်းမှာ အရှည်တစ်မိုင်နှင့် လေးဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ်သိန်း၄၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့်ပူးပေါင်းဆောင်ရွက်ရာ ကျပ် ၇၂ သိန်းကုန်ကျခဲ့သည်။

ပညာတံခွန်စာကြည့် တိုက်ကိုလည်းမန္တလေးတိုင်းဒေသကြီး အစိုးရ ရန်ပုံငွေမှ ကျပ် ၁၅ သိန်းနှင့် ကျေးရွာပြည်သူ ပူးပေါင်း၍ ကျပ် ၂၆ သိန်းကုန်ကျခဲ့ကာတည်ဆောက်ခဲ့သည်။

၁၁၅ ကေဗွီအေထရန်စဖော်မာကိုကျေးရွာပြည်သူ များမှ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရာငွေကျပ် ၇၄၅ သိန်းကုန်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမရပူရမြို့နယ်တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးသန်းနိုင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအေးလွင်တို့ တက်ရောက်ခဲ့သည်။ **၄၂၄**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး





မြန်မာနိုင်ငံ မသန်စွမ်းသူများလုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် အလုပ်ခွင်နည်းပြသင်တန်းလျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ အရည်အချင်းရှိသူများ လျှောက်ထားနိုင်ပါသည်။
လျှောက်ထားလိုသူသည်
၁။ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ အသက်(၂၅)နှစ်နှင့် အထက်ဖြစ်ရမည်။
၃။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
၄။ မသန်စွမ်းမှုရေးရာကို အမှန်တကယ်စိတ်ဝင်စား၍ အနစ်နာခံဆောင်ရွက်နိုင်သူဖြစ်ရမည်။
၅။ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက နေရာဒေသမရွေး ဆင့်ပွားသင်တန်းများသွားရောက်ပို့ချနိုင်သူဖြစ်ရမည်။
၆။ တီထွင်ကြံဆနိုင်စွမ်းရှိသူဖြစ်ရမည်။
လျှောက်လွှာများကို
(၁) ပြင်ဦးလွင်ပရဟိတမျက်မမြင်ကျောင်း၊ ဖုန်းနံပါတ်-၀၉ ၄၂၈၃၁၉၅၉၆
(၂) မြန်မာအော်တစ်ဇင်အသင်း၊ ဖုန်းနံပါတ် - ၀၉ ၄၂၀၀၁၂၂၀၃
(၃) မေရီချက်မင်း နားမကြားသောကလေးများကျောင်း၊ ဖုန်းနံပါတ် -၀၁ ၂၁၈၃၄၃၊ ၀၁ ၂၂၁၈၇၂၊ ၀၉ ၅၂၀၁၉၁၀
(၄) ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၊ ဖုန်းနံပါတ်-၀၉ ၅၀၃၄၄၀၄၊ ၀၉ ၂၅၀၇၀၆၈၇၄
(၅) ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)အထက်မြန်မာပြည်ရုံးခွဲ၊ ဖုန်း-၀၉ ၄၀၂၆၉၂၆၁၀၄၊ ၀၉ ၉၁၀၄၈၅၉၀တွင် ထုတ်ယူရရှိနိုင်ပြီး ၂၀၁၅ခုနှစ်၊ ဧပြီလ ၃၀ ရက် နောက်ဆုံးထား၍ အထက်ပါနေရာများနှင့် jccm.myanmar@gmail.com တို့တွင် လျှောက်လွှာများ ပြန်လည်ပေးပို့နိုင်သည်။

"မြေကွက်(၂၀)ရောင်းမည်"

ရန်ကုန် နေပြည်တော် မိုင်တိုင်(၁၇) အမြန်လမ်းမကြီးဘေးရှိ အထက်ပါမြေအား ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ph: 09-5311963

ရှားတောရှိ ဖဲဖူးလာချောင်းကူးတံတား မတ်လတွင်ပြီးစီးမည်

ရှားတော ဖေဖော်ဝါရီ ၁၄

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်တွင်တည်ဆောက်လျှက်ရှိသော ဖဲဖူးလာချောင်းကူးတံတားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ၄၅ ပေ၊ အကျယ် ၁၈ ပေ၊ လူသွားလမ်း ၂ ပေ၊ အမြင့် ၁၆ ပေရှိကာ လာမည့် ၂၀၁၅ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတံတားသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၄၃ ဒသမ၂ ဖြင့် လရောင်ဖွေးဖွေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ထားခြင်း ဖြစ်သည်။

ယင်းတံတားကြီး မဆောက်လုပ်ခင် မိုးတွင်းကာလတွင် တောင်ပေါ်မှ စီးဆင်းလာသော တောင်ကျရေကြောင့် သွားလာရန်အခက်အခဲရှိပြီး ယခုတံတားတည်ဆောက်ပြီးစီးပါက ရှားတောမြို့ တောင်ပိုင်းကျေးရွာအုပ်စုရှိ တောင်ပေါ်ကျေးရွာများနှင့် ဆက်သွယ်သွားလာရာတွင် လွယ်ကူလျင်မြန်စေမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်သည် နယ်မြေဒေသတည်ငြိမ် အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသော လမ်း၊ တံတားများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာဖဲဖူးလာချောင်းကူး တံတားအသစ်ကို၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှစတင်၍ ဆောက်လုပ်ခဲ့ ခြင်းဖြစ်သည်။

ရှားတောမြို့နယ် ပြန်/ဆက်

ပြည်ထောင်စုနေ့၌ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်လှစ်

အမရပူရ ဖေဖော်ဝါရီ ၁၄

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသော အားဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းကို မြစ်ငယ်မြို့ ကတ္တရာလမ်းမှ တစ်ဆင့် သာယာအေးကျေးရွာသို့ဆက်သွယ်ထားသောပေ ၁၆၁၀ အကျယ် ၁၅ ပေရှိသော ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် သာယာရေးအေးကျေးရွာ ကွန်ကရစ်လမ်းသစ်မင်္ဂလာနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြစ်ငယ်မြို့မ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဥယျာဉ်တော်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သာယာအေးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အလှူရှင်ဦးအောင်ခတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းကွန်ကရစ်လမ်းကို အလှူရှင်ဦးအောင်ခ ဒေါ်ပိုင်မိသားစုမှမတည်အလှူငွေကျပ် ၆၉ သိန်းနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းလှူဒါန်းငွေ ၄၆ သိန်းဖြင့် စုစုပေါင်း ၁၁၅ သိန်းအကုန်ကျခံကာဖောက်လုပ်ခဲ့သည်။

တိမ်တမန်

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်လွှတ်တော်ကိုယ်စားလှယ်များဖလား နွားလှည်းအကြော့မောင်းပြိုင်ပွဲကျင်းပ

ငါန်းဇွန် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် လွှတ်တော်ကိုယ်စားလှယ်များဖလား နွားလှည်းအကြော့ မောင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီ၌ ဖွင့်ပွဲကျင်းပခဲ့ကြောင်းသိရသည်။

ယင်းလွှတ်တော်ကိုယ်စားလှယ်များဖလား နွားလှည်း အကြော့မောင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ဆက်လက်ကျင်းခဲ့သည်။

အဆိုပါ နွားလှည်းအကြော့မောင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်မင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးဦးအောင်ဇံက ပြိုင်ပွဲဝင်နွားလှည်းများကို လှည့်လည်ကြည့်ရှုကာ နွားလှည်းဂျော်ကီများအား မိတ်ဆက်စကား ပြောခဲ့သည်။

သက်နောင်ဦး(ငါန်းဇွန်)

မော်လူးဒေသ၊ နမီးကျေးရွာအုပ်စု၊ ကွင်းငို့ကျေးရွာတွင် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းပို့ချ

မော်လူး ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ နမီးကျေးရွာအုပ်စု ကွင်းငို့ကျေးရွာတွင် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် လူငယ်စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက် နေ့လည် ၂ နာရီက ကွင်းငို့ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် သင်တန်းသားများအား ကျေးလက်လူငယ် စွမ်းဆောင်ရည်မြင့်မားရေးအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများမှ အသီးသီးရှင်းလင်းပြောကြား ပို့ချခဲ့ကြောင်း၊ အင်းတော်မြို့နယ်အတွင်းတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးပြီး ကျေးလက်လူငယ် စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းကို ကွင်းငို့ကျေးရွာအပါအဝင် ကျေးရွာလေးရွာတွင် ဟောပြောပို့ချပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ လူငယ်စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းသို့ အင်းတော်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးမျိုးမင်းစိုး၊ ဒုဦးစီးမှူး ဒေါ်ကေသီမိုး၊ အကြီးတန်းစာရေး ဒေါ်မြတ်စုကြည်၊ အငယ်တန်းစာရေး ဦးအောင်မျိုးထက်နှင့် သင်တန်းသား ၂၇ ဦးတက်ရောက်ခဲ့သည်။

၆၈၅





စက်မှုဝန်ကြီးဌာန
အမှတ်(၁၂)၊ အကြီးစားစက်ရုံ(ထုံးဘို)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်။

(က) Lot No (10)X-2000 (မာဇဒါဂျစ်)၊ B-600 (လေးဘီး)၊ ၇၃၄မျိုး HI-12/014 E-2000, T-2000 (၂တန်ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ Rubber ပစ္စည်းများ၊

(ခ) Lot No(11) X-2000 (မာဇဒါဂျစ်)၊ B-600 (လေးဘီး)၊ ၉၀၅ မျိုး HI-12/015 E-2000, T-2000 (၂တန်ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ Other ပစ္စည်းများ

(ဂ) Lot No (12)X-2000 (မာဇဒါဂျစ်)၊ B-600(လေးဘီး)၊ ၁၃၂မျိုး HI-12/016 E-2000, T-2000 (၂တန်ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ Packing ပစ္စည်းများ

(ဃ) Lot No(13) ထုတ်လုပ်မှု ဆောင်ရွက်ခြင်း မရှိတော့သည့် ၄၄ မျိုး HI-12/017 ပစ္စည်းများ(Tyre Tube Battery Others)

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - (၁၆-၂-၂၀၁၅)မှ (၂၃-၂-၂၀၁၅) ရက်အထိ

၄။ တင်ဒါရောင်းချမည့်နေရာ - အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)

၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်- ၂၃-၂-၂၀၁၅(၁၂း၀၀) နာရီ

၆။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)

၇။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်- ၂၃-၂-၂၀၁၅ ၊ (၁၃း၀၀) နာရီ

၈။ အသေးစိတ်သိရှိလိုပါက ၀၉- ၄၉၅၀၁၄၁၁၊ ၀၉ ၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၉-၂၅၀၄၀၀၉၄၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အမှတ်(၁၂)၊ အကြီးစားစက်ရုံ(ထုံးဘို)

ပြည်တွင်းရေးရာ

ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ၇၅ ရာခိုင်နှုန်းပြီးစီး

ငါးသရောက် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် မြေနဲကြီးကျေးရွာတွင် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ဒေသခံပြည်သူများပူးပေါင်းပါဝင်၍ ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဇန်နဝါရီ ၃၀ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ မကြာမီကာလများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

မြေနဲကြီးကျေးရွာနေ ဒေသခံပြည်သူများမှ မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးရွာမီးလင်းရေးအတွက် ယင်းသို့ဆောင်ရွက်ရာတွင် ဌာနမှ ကူညီပံ့ပိုးမှုအနေဖြင့် 200 Kva ထရန်စဖော်မာ တစ်လုံး၊ 400 V ဓာတ်အားလိုင်းအတွက် လိုအပ်သော 4 C (ABC) Cable ကြိုးများနှင့် အခြား ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး၊ မြေနဲကြီးကျေးရွာမှ ဒေသခံပြည်သူများက မတည်ငွေကျပ် သိန်း ၄၀၀ ခန့် ထည့်ဝင် ပြီး ကျေးရွာမီးလင်းရေး ကော်မတီဝင်များနှင့်ပြည်သူများပူးပေါင်း၍ လုပ်အားများ ကူညီဖြည့်ဆည်းပေးနေကြောင်း သိရသည်။

မြေနဲကြီးကျေးရွာနေ ပြည်သူများ ၂၄ နာရီလျှပ်စစ်မီးရရှိစေရန်အတွက် ကျေးရွာမှတာဝန်ရှိ မီးလင်းရေးကော်မတီဝင်များက သက်ဆိုင်ရာလျှပ်စစ်ဝန်ကြီးဌာနသို့ တင်ပြတောင်းခံခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိခဲ့သည်။ **ရဲဝင်းနိုင်**(IPRD)

သက်ကြီးဝါကြီးပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုချီးမြှင့်ခံရသည့် အဘွားအားလက်ရောက်ကန်တော့

မြင်းမူ ဖေဖော်ဝါရီ ၁၄

အသက်(၁၀၁)နှစ်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သက်ကြီးဝါကြီး ပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုချီးမြှင့်ခံထားရသည့် မြင်းမူမြို့ အရှေ့ပိုင်းရပ်ကွက်မှ အဘွား ဒေါ်သိန်းညွန့်အား အလှူရှင်များစုပေါင်းပြီး ထောက်ပံ့ငွေကျပ်နှစ်သိန်းသုံးသောင်းကို ဖေဖော်ဝါရီ ၁၁ ရက်က ထပ်ဆင့်ဂုဏ်ပြုကန်တော့ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထပ်ဆင့်ဂုဏ်ပြုကန်တော့ရာသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာနှင့် မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမောင်မောင်ကြီးတို့က အဘွားဒေါ်သိန်းညွန့်၏ နေအိမ်သို့ သွားရောက်ပြီး လက်ရောက်ဂုဏ်ပြုကန်တော့ခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ**

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့ နဝရတ်လမ်းတွင် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

မြောင်းမြ ဖေဖော်ဝါရီ ၁၄

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြရတနာရပ်ကွက် ဘုရားချောင်း နဝရတ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်တို့က ကွန်ကရစ်လမ်းသစ်အား ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ နဝရတ်လမ်း ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၃၈၂၅၊ အကျယ် ၁၄ ပေ၊ထု ၈ လက်မရှိကာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေ ကျပ်သိန်း ၄၂၆ ဒသမ ၅ သိန်း ၊ ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၅၈၃ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၁၀၀၉ ဒသမ ၅ သိန်း ကုန်ကျခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးလှဦးက ပြောသည်။ **အောင်မင်း**(IPRD)

လှည်းကူး ကားကူးတံတားအသစ်တည်ဆောက်

မိုးညှင်း ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် လေးတန်ချောင်းကိုဖြတ်သန်းကာ သာယာကုန်းကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စုသို့ ပြည်နယ်ချင်းဆက် လှည်းကူးကားကူး သစ်သားတံတားကို ဖေဖော်ဝါရီ ၁၂ ရက်က စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်ယခင်က အသစ်တည်ဆောက်ခဲ့သော လှည်းကူး၊ ကားကူး သစ်သားတံတားမှာ မိုးတွင်းကာလ လေးတန်ချောင်းရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူ မျောပါခဲ့သဖြင့် ပျက်စီးခဲ့သည်။

ယခု တည်ဆောက်နေသော တံတားမှာ အဆိုပါနေရာတွင် အသစ်ပြန်လည်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ပြန်လည်တည် ဆောက်ရန်အတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေမှ ကျပ်သိန်း ၁၅၀ ဖြင့် အလျား ၂၈၀ ပေအကျယ် ၁၈ ပေ ရှိသော လှည်းကူး၊ ကားကူး သစ်တားတံတားကို လုပ်သား ခေါင်းဦးချစ်ဆွေဦးဆောင်ကာ သာယာကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်လှနှင့် အထောက်အကူပြုအဖွဲ့များ၊ တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံအင်အား ၁၀၀ ခန့်က ဘက်ဟိုးယာဉ်ဖြင့် အချိန်မီပြီးစီးနိုင်ရန် ဝိုင်းဝန်း တည်ဆောက်ကြခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖဦးညွန့်မောင်က ပြောသည်။

အဆိုပါတံတားကို ရက်ပေါင်း ၆၀ ဖြင့်အပြီး တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းသို့ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီး ဒေသအတွင်း ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

သာယာကုန်းကျေးရွာသည် အိမ်ထောင်စု ၁၁၃ စု လူဦးရေ ၅၈၀ ခန့်ရှိပြီး ရှမ်း၊ ကချင်နှင့် ဗမာလူမျိုးများနေထိုင်ကြကာ တောင်သူလယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသောကျေးရွာတစ်ရွာဖြစ်ကြောင်းသိရသည်။

နီတိုး





စမ်းချောင်းမြို့နယ်/တိုက်ခန်းရောင်းမည်

၁။ ဗဟိုလမ်းမ၊ ပေ(၂၀×၅၀)၊ 4.F(၅လွှာ)၊ 2BR၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ ဘိုထိုင်၊ လေဝင်/ထွက်ကောင်း၊ ဂျတ်ဆင်ဘုတ်အလှဆင်ပြီး တိုက်သန့်။ သိန်း(၈၉၀)

၂။ ကျွန်းတောလမ်းမ၊ ပေ(၁၄×၆၀)၊ 6.F(၇လွှာ)၊ 2BR၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ ဘိုထိုင်၊ ရှေ့/နောက်ဝရန်တာပါ။ ဂျတ်ဆင်ဘုတ် အလှဆင်ပြီး တိုက်သစ်။ သိန်း(၅၇၅)

(ပွဲစားမလိုပါ) ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၇၃၁၅၆၄၉၄

နွေရာသီအခြေခံ/အဆင့်မြင့်ရေကူးသင်တန်းများနှင့်

စနေ၊ တနင်္ဂနွေ အထူးသီးသန့်ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ။

ရေကူးပြိုင်ပွဲကျင်းပပေးမည်။ ထိုက်တန်စွာ ဆုချီးမြှင့်မည်။

မြန်မာ့လက်ရွေးစင်ဟောင်း ဆရာမ နှင်းနှင်းအိကိုယ်တိုင် သင်ကြားပေးမည်။

တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)

စိမ်းလန်းစိုပြေပန်းခြံအနီး

ဖုန်း-၀၉-၇၃၁၀၅၂၇၆၊ ၅၂၅၈၉၁၊ ၂၅၄၀၆၇၃၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၅၈၁)၊ မြေအကျယ်အဝန်း ပေ(၆၇×၆၀)၊ (၀. ၀၉၂)ဧက၊ မြေကွက်ပိုင်ဆိုင်သူ ဂရန်အမည်ပေါက် ဒေါ်တင်တင်နု[၁၂/လမန(နိုင်)၀၂၆၅၇၀]ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်မိုးမိုးအေး [၁၂/မဘန(နိုင်)၁၁၃၅၁၀]ထံမှ ကျွန်ုပ်တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် ငွေတစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဦးသက်တင်

ZLN-062273

အမှတ်-၅/၅/၁၅၆(က)၊ ပုလဲလမ်း၊ ရွှေပြည်သာ

Ph:09-73002196, 09-252221692

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်အေး[၁၂/သကတ(နိုင်)၀၃၄၅၃၀]ကိုင်ဆောင်သူ၏သမီးဖြစ်သူ မစိုးစိုးအေး[၁၂/သကတ(နိုင်)၁၂၃၄၆၃] ကိုင်ဆောင်သူသည် မိခင်နှင့် မောင်နှမအသိုင်းအဝိုင်းအား ဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၁-၂-၂၀၁၅ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်အေး

ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေးကျောင်းဆောက်လုပ်

အင်းတော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံပဲကျေးရွာ၊ အုပ်ပေကုန်းကျေးရွာတွင် ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေး ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ပန္နက်တိုင်များ စိုက်ထူကာ စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေးကျောင်းဆောင် ပင်မအဆောက်အအုံ ဆောက်လုပ်ရာတွင် မံပဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ ရင်သွေးငယ်ပြုစုပျိုးထောင်ရေးအတွင်းရေးမှူး ဦးစောဝင်း၊ ကျောင်းဆောင်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ကော်မတီဝင်များက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေးကျောင်းဆောင်သစ်အဆောက်အအုံမှာ အလျား ပေ ၆၀၊ အနံ ၂၆ ပေရှိ တစ်ထပ် ပျဉ်ကာ အဆောက်အအုံဖြစ်ပြီး လာမည့် မတ်လကုန်ခန့်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအဆောက်အအုံကို မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များပြုစုပျိုးထောင် စောက်ရှောက်ရေးအသင်း (ပလန်မြန်မာ)မှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၊ ဒေသခံများ လှူဒါန်း ငွေကျပ် ၃၅ သိန်းအပါအဝင်စုစုပေါင်းငွေကျပ် ၈၅ သိန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ အဆောက်အအုံ တည်ဆောက်ပြီးစီးသွားပါက ရင်သွေးငယ် ၉၀ ဦးကို ဆရာမသုံးဦးဖြင့် စနစ်တကျပြုစုပျိုးထောင် သင်ကြားပေးမည်ဖြစ်ကြောင်း ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေးကျောင်းဆောင် ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ကော်မတီဝင် ဦးဝင်းကြိုင်က ပြောသည်။ **ဝ၅၈**

စည်းကမ်းမဲ့ရပ်နားထားသည့်မော်တော်ယာဉ်တစ်စီးအား ကရိန်းယာဉ်ဖြင့်ဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ကုန်သည်လမ်း ဗိုလ်တထောင်ဈေး ယာဉ်ရပ်မှတ်တိုင်အတွင်း စည်းကမ်းမဲ့ ရပ်နားထားသည့် မော်တော်ယာဉ်တစ်စီးအား ဒုတိယရဲမှူးခင်မောင်တင့်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ မြို့နယ်စည်ပင်သာယာဝန်ထမ်းများက ကရိန်းယာဉ်ဖြင့် ဆွဲယူ၍ ရှင်စောပုလမ်း ယာဉ်ရပ်နားကွင်းသို့ ပို့ဆောင်အရေးယူခဲ့ကြသည်။

ရန်ကုန်မြို့တွင်း တစ်နေ့ထက်တစ်နေ့ ယာဉ်ကြောကြပ်တည်းမှု လျော့ကျရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သည့်နေရာတွင် ရှေ့ကဖမ်း နောက်ကစည်းကမ်းဖောက်နေတာကို ပြည်သူများမြင်တွေ့ကြမည်ဖြစ်ကြောင်း၊ အများအတွက်ကူညီရာလည်းရောက်ရန် စည်းကမ်း လိုက်နာရန်လိုကြောင်း ခရီးသွားများက ပြောသည်။ **၁၉၇**

ကျေးရွာချင်းဆက်လမ်းမပေါ်တွင် ကွန်ကရစ်တံတားတည်ဆောက်

မော်လူး ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မံပဲကျေးရွာနှင့် ပောင်းတုန်းကျေးရွာ မြေပလ္လင်ကျေးရွာများသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် ဖေဖော်ဝါရီ ၁၂ ရက်က စတင်ဆောက်လုပ်နေကြောင်း သိရသည်။

အဆိုပါ တံတားအား မံပဲကျေးရွာနေ ဦးခင်မောင်မြင့်+ဒေါ်သန်းသန်းဝေ မိသားစုမှ မတည်လှူဒါန်းငွေ ၁၅ သိန်းဖြင့် ဆောက်လုပ်နေခြင်းဖြစ်ပြီး၊ မံပဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေက ဦးဆောင်ကာ ရွာသူ၊ ရွာသားများ၏ လုပ်အားဒါနများဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

တံတားမှာ အရှည် ၁၅ ပေ၊ အကျယ် ၆ ပေ၊ အမြင့် ၇ ပေရှိကြောင်း သိရသည်။ **၆၈၅**

ချွန်းစု–ဂါတ်ကုန်း–ရိုးကုန်း ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ ပွင့်ဖြူတွင် ကျင်းပ

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၄

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေလှေကျေးရွာအုပ်စု ရွှေလှေကျေးရွာတွင် ကျင်းပဆောင်ရွက်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပွင့်ဖြူမြို့နယ်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ချွန်းစု-ဂါတ်ကုန်း-ရိုးကုန်းကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါလမ်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြား၍ မြို့နယ်အထောက် အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးပါကလမ်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်လင်းက လမ်းအား အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မရိုးကုန်းရွာမှ ဦးဇော်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိတို့ကဖွင့်လှစ်ပေးခဲ့သည်။ ယခုလမ်းသည် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်ရှစ်သန်း အကုန်ကျခံကာ မြေနီ၊ ကျောက်စရစ်လမ်းအား ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်၍ ပြည်သူများလမ်းပန်းဆက်သွယ်မှု အခက်အခဲဖြစ်နေခြင်းကိုအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

မေသန္တာအောင်(ပွင့်ဖြူ)

အင်းလေးဟိုတယ်ဇုန်တွင် မြေကွက်ဝယ်ယူခွင့်မဲပေါက်ထားသူများ သိရှိစေရန် ကြေညာချက်

၄-၂-၂၀၁၅ရက်တွင် ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုး လုံးဝပေးသွင်းခြင်းမရှိသည့် မြေနေရာ (၄) နေရာ အား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားပြီး ငွေအပြေ အကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါ သည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန် ကျန်ရှိသည့် မြေကွက်များ အား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ(CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/CAP/T/7 (2014-2015)	Petroleum Products Testing Equipment (Brand New) (ASTM Standard) for Mobile Fuel Lab	1 Lot	USD
(၂)	MPPE/MCY/CAP/T/8 (2014-2015)	120 IGPM Fuel Transfer Centrifugal Pump (Engine Driven)	3 Sets	USD

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၂-၂၀၁၅ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၀-၃-၂၀၁၅ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြို့သစ်တောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀.၁၃၃)ဧကရှိ ဦးချစ်တီး အမည်ပေါက် အငှားဂရန်မြေကွက်အား အမည်ဒေါ်ခင်ပု[၉/လဝန(နိုင်)၀၄၉၁၁၈] အဖအမည် ဦးသောင်းညွန့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်ထောင်စုနေ့နှင့်မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် တိုင်းရင်းသားကျေးရွာတွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ကလေးများပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ABC မူကြို၊ ရင်သွေးဇုန်မူကြို၊ ကကြိုးအိမ်မူကြိုကျောင်းများမှ ကလေးများက ကဗျာရွတ်ပြိုင်ကြသည်။ ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးများကို ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းဦးစီးမှူး ဦးဇော်ဇော်နောင်က ဆုချီးမြှင့်ခဲ့သည်။

"ဒီနှစ် ပထမအကြိမ် ကျင်းပတာဖြစ်ပါတယ်။ လာမယ့်နှစ်တွေလည်း ကျင်းပသွားနိုင်အောင် ပြုလုပ်သွားမှာပါ" ဟု တိုင်းဦးစီးဌာနမှူး ဦးဇော်ဇော်နောင်က ပြောသည်။

ယင်းနေ့က တက်ရောက်သူများ အားလုံးကို အလှူရှင်မှ Double Cow နွားနို့ဘောက်ဆာကားဖြင့် နွားနို့များ တိုက်ကျွေးခဲ့ပြီး မူကြိုရင်သွေးငယ်များအားလုံးကို ဆုလက်ဆောင် အဖြစ်အရုပ်များလည်း ပေးအပ်ခဲ့သည်။ တိုင်းရင်းသားကျေးရွာ ယဉ်ကျေးမှုအဖွဲ့မှ အကများဖြင့် ဖြေဖျော်ခဲ့ကြပြီး၊ အိပ်မက်ဆုံရာနှင့် ဂီတတံခါးလေး ရွှေသော့ဆုရှင်အဆိုတော်များက သီဆိုဖျော်ဖြေပေးကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ရင်သွေးရတနာမူကြို၊ အောင်စေတနာမူကြို၊ Shinning Star မူကြို၊ Star Kids Centre မူကြို၊ ABC မူကြို၊ ရင်သွေးဇုန်မူကြို၊ ကကြိုးအိမ်မူကြိုကျောင်းများမှကလေးများအတွက်အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး ဆုများပေးအပ်ခဲ့ကြောင်း၊ ကလေးများအတွက် ဆေးကာကွယ်ပေးရေးအဖွဲ့မှလည်း လာရောက်စောင့်ရှောက်ပေးကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာအစားအစာ ရောင်းချ ပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက ချောင်းဆုံမြို့နယ်စုပေါင်းရုံးရှေ့၌ကျင်းပ ရာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ(၆၄)ရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကောက်ညှင်းပေါင်း၊ ထမနဲ၊ သကြန်ထမင်း၊ ထိုးမုန့်၊ မုန့်စိမ်းပေါင်းနှင့် မုန့်ဖက်ထုပ်စသည့် မြန်မာ့ရိုးရာအစားအစာများကို တစ်ရွာလျှင် တစ်မျိုးစီရောင်းချခဲ့ကြရာ မြို့ပေါ်နေပြည်သူများက ဝယ်ယူအားပေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ငါ့သရောက် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး၊ ငါ့သရောက်မြို့နယ်တွင် ပွင့်လင်းရာသီချိန်ဖြစ်သည့် နွေရာသီကာလများ၌ ပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန်နှင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၃ ရက် ၊ နံနက်ပိုင်းက မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ ဦးဝင်းထိန် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ) ဦးဆောင်၍ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ လျှပ်စစ်အန္တရာယ်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် ဦးဝင်းထိန် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)နှင့် ဝန်ထမ်းများက ငါ့သရောက်မြို့နယ်အတွင်း လူစည်ကားရာနေရာများဖြစ်သည့် ဗိုလ်ချုပ်ဈေး၊ အ-ထ-က ကျောင်းနှင့် လက်ဖက်ရည်ဆိုင်များသို့ သွားရောက်ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ **ရဲဝင်းနိုင်**(IPRD)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ မောင်တောမြို့တွင် ကမ်းနားလမ်းကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

မောင်တော ဖေဖော်ဝါရီ ၁၄

ရခိုင်ပြည်နယ်မောင်တောမြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အဓိကလမ်းဖြစ်သော ကမ်းနားလမ်းအား ကွန်ကရစ်ခင်းခြင်း ပြီးဆုံး၍ လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် မြို့မမြောက်ရပ်ကွက်ရှိ အဆိုပါလမ်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တင်ဦးက ကွန်ကရစ်လမ်းသစ်နှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ယင်းနောက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများကို သက်ဆိုင်ရာသို့ အသီးသီးပေးအပ်ပြီး ကွန်ကရစ်လမ်းသစ်အား မောင်တောမြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်စည်ပင်သာယာ ဈေးကော်မတီဥက္ကဋ္ဌ ဦးဝေသာမောင်တို့က ဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ ဖွင့်လှစ်ခဲ့သောကမ်းနားလမ်းသည် အရှည် ၂၆၀၀ ပေ၊ အလျား ၁၂ ပေ၊ ထု ၈ လက်မရှိပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၈၂၉ သိန်း ကုန်ကျခဲ့သည်။ မောင်တောမြို့၏ မြို့မအနောက်ရပ်ကွက်နှင့်မြို့မမြောက်ရပ်ကွက်ကို အစအဆုံး ဆက်သွယ်ဖေါက်လုပ်ခဲ့သဖြင့် အဓိကအရေးပါပြီး မြို့လူထုအတွက် အကျိုးပြုသော လမ်းဖြစ်ကြောင်းသိရသည်။

ကျော်ဆန်းဝင်း (IPRD)

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်) တွင်ရှိသော ချည်(၅)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည် ဖြစ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်း - ၁/၄၀ ဘီးဖြီးချည်၊ ၁/၄၀ချည်၊ ၁/၂၀ချည်
၁/၂၁ ချည်၊ ၁/၁၆ ချည်

၃။ ဈေးပြိုင်ရောင်းချမည့်ရက် - ၂၀-၂-၂၀၁၅ ရက်

၄။ ဈေးပြိုင်ရောင်းချမည့်အချိန် - နံနက် ၉း၀၀ နာရီ

၅။ ဈေးပြိုင်ရောင်းချမည့်နေရာ - အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)ပျော်ဘွယ်မြို့

၆။ အသေးစိတ်အချက်အလက်များအား ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံမှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V GRAND PACE V.2A သင်္ဘောသည် ၁၆-၂-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကျုံ့မငေးမြို့
(၈၆)ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီး

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၈၆)ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဘုရားပွဲတော်ကြီးကို (၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်) ၂၀၁၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၈ ရက် ညတွင် မော်ကျွန်းမြို့မှ ကျော်ထက်ဗိုလ်မင်္ဂလာဆိုင်းဖြင့်လည်းကောင်း၊ (တပေါင်းလဆန်း ၁၂၊ ၁၃ ရက်) မတ်လ ၁၊၂ရက်ညများတွင် ဝါးခယ်မ ကြာနီကန်ဆရာတော်တရားပွဲ (တပေါင်းလဆန်း ၁၄၊၁၅ရက်) မတ်လ ၃၊ ၄ ရက်ညများတွင် ရန်ကုန်မြို့မှ တေးသံရှင် ခိုင်ထူး၊ ဂျွန်းဟမ်း၊ နော်မန်၊ ရဝေမိုး၊ A ကေကေ၊ Cyko Lamp၊ ကျော်ဇင်၊ ထက်နိုင်၊ တိုးတိုး၊ ဖြိုးသူ၊ ဇ၊ လင်းနိုင်၊ သူရိန်စိုး၊ မေခလာ၊ မေနန်းထွဋ်၊ မျိုးသီရိကျော်၊ အိ၊ ရွှေရည်ပေရယ်၊ နဒီ၊ နိုရာတို့ပါဝင်၍ "Heaven born" စင်တင်တေးဂီတအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း (တပေါင်းလပြည့်ကျော် ၁၊၂၊ ၃၊ ၄ ရက်) မတ်လ ၅၊ ၆၊ ၇၊ ၈ ရက် ညများတွင် မွန်ပြည်နယ်မှ "ရွှေမဟာ"ဇာတ်ပွဲနှင့် ကပြဖျော်ဖြေပါမည်။

တပေါင်းလပြည့်နေ့ မတ်လ ၄ ရက်ညတွင် ကျုံ့မငေးမြို့၊ ကျွန်းပြသဒ်မြစ်အတွင်း၌ ဆီမီး(၁၀၀၀၀)ပူဇော်ပွဲဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပွဲတော်ဈေးဆိုင်ခန်းများကို တပေါင်းလဆန်း ၅ ရက်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် လူဟောင်းဦးစားပေးစနစ်ဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရောင်းချပါမည်။

မည်သည့်အရပ်ဒေသသို့မှ အလှူခံစေလွှတ်ခြင်းမရှိပါ။

ဆက်သွယ်ရန်-Phone-04265053,04265246

အတုလဗုဒ္ဓမဟာမြတ်စွယ်တော်ဂေါပကအဖွဲ့
ကျုံ့မငေးမြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ၊ (၁၁)တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၁-အေ/၉)ရှိ (၆၁၅၅)စတုရန်းပေ ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေနှင့် မြေပေါ်ရှိ(၃)ထပ်(RC)အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်လင်း	ဒေါ်သူဇာဟန်
B.Sc.,H.G.P, R.L,C.B.L,D.B.L	**LL.B,LL.M**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၀)	အထက်တန်းရှေ့နေ(စဉ်-၂၄၅၃၇)

အမှတ်(၄၁)၊ သမ္မာဒိဋ္ဌိလမ်း၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်။

BMW EfficientDynamics
Less consumption. More driving pleasure.
THE EXCITING WORLD OF
BMW AWAITS YOU.
THE BMW 7 SERIES AND BMW 5 SERIES.
The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.
For a limited time, receive exclusive deals on BMW ASEAN Summit programme cars
included 3 years Warranty and 3 years Maintenance Service package.
Enjoy preferential rates while stocks last.
BMW 7 Series - save up to USD 86,000
BMW 5 Series - save up to USD 50,000
Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.
Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Nanattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 Service Hotline: +95 (1) 2306144 Email: info@pac-bmw.com Website: www.bmwmyanmar.com Facebook: www.facebook.com/BMWPAC

ကြော်ငြာ

ရွှေပြည်ဟိန်းမိုးကောင်းတံတားနှင့်ကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

သီတဂူရွှေပြည်ဟိန်းကျောင်းနေအဆောင် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

(AccountNo.0073020070169830l)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

win finance

UMG Group of Companies ၏အကြီးတန်းနှင့် အလတ်စား ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သော WIN FINANCE CO., LTD. အား ၇-၂-၂၀၁၅ နေ့၌ မင်းဓမ္မကွန်ဒိုခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဆောင်၍ ခမ်းနားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးနေလင်းအောင် + ဒေါ်ယုယုဇွေး
(ချမ်းမြေ့သာယာရိပ်သာ)

ဦးခွန်နောင်မြင့်ဝေ + ဒေါ်အဏ္ဏဝါလင်းဦး
(WA MINN Co.,LTD)

ဒေါ်ချိုချို နှင့် ဝန်ထမ်းများ
(LUCKY LARK TDG; LTD)

ဆရာဝန်များ ဦးစီးသည်

ဝံပြောင်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)

Air-Con

Taxi အိမ်ပေး

Toyota Passo 1000cc စပေါ် ၂သိန်း၊ တစ်ရက် ၁သောင်း၊ ၁၅ရက် တစ်ကြိမ်ရှင်း။

ဆက်သွယ်ရန် - ဆင်ရေတွင်း မှတ်တိုင်အနီး၊ အောင်သစ္စာလမ်း။

ဖုန်း-၀၉-၇၉၇၉၀၀၅၂၅၊ ၀၉-၇၉၀၇၅၄၀၂၈

မီး သတိပြု

ရွှေဆင့်

27000

M.E.E.G

Masterpiece Engineering and Education Group

No. 18, Second floor, U Tun Lin Chan St, Kamayut, Yangon.

Interior Design & Exterior Design

Structure, Drawing, Estimate & Construction

AutoCAD/ 3dsMax/ SketchUp/ MicroStation

SolidWorks/ Revit/ Etabs&Safe/ Estimate

F.M.I City

PH: 01512478, 09402904085, 09731451926, 095140118

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) (M.D,Sin Shwe Li Co.,Ltd.)-ဒေါ်စန်းစန်းခိုင်တို့၏သား

မောင်ကျော်ဝဏ္ဏစိုး

MBA(Assumption University, Thailand)
B.BUS(Bachelor of Business, NewcastleUniversity, Australia)
Business Development Manager(MM Interplast Co.,Ltd.)

နှင့်

ရန်ကုန်မြို့နေ
ဦးကျော်သက်ခိုင် (M.D,Mandalay Stars Co.,Ltd.)-ဒေါ်ခင်နှင်းဆီတို့၏သမီး

မမွန်မြတ်ခိုင်

MBA (Assumption University, Thailand)
BBM(Bachelor of Business Management, National Management College, Yangon)
Director(Mandalay Stars Co.,Ltd.)

တို့၏ ၃၀-၁-၂၀၁၅ရက်၌ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားသူကြီးချုပ် အနောက်ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီးဒေါ်မိမိမော် အားလည်းကောင်း၊ ၃၀-၁-၂၀၁၅ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်း ကောင်း၊ ၃၁-၁-၂၀၁၅ရက်တွင် Novotel Yangon Max Hotel ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော သရေစည်သူဦးမြင့်လှိုင် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း၊ ပြည်ထောင်စုဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီးဒေါ်ခင်သန့်စင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဒေါက်တာစန်းဦး(ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့်ဇနီး ဒေါ်အိအိဆွေ(ကျန်းမာရေးပညာအရာရှိ ကျန်းမာရေးဝန်ကြီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးပိုးအိစံ၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဧည့်ခံပေးပါသော အလင်္ကာဝတ်ရည်တေးဂီတဝိုင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြပေးပါသော ဟန်နီနှင့် ပင်ကီ၊ မင်္ဂလာပန်းကြဲ မဝေကြည်သက်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မသဇင်မင်းဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မစိုးရတနာဖြိုး၊ မင်္ဂလာသတို့သားအရံ မောင်ကျော်သုခစိုးနှင့် မောင်အောင်စိုးမိုး၊ မင်္ဂလာသတို့သမီးအရံ မဆွေဝတ်ရည်ဦးနှင့် မဆင်းရွှေရည်မောင်၊မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော အန်တီပေါက် (မိုးကုတ်ပေါက်ပေါက်)၊ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသောဝဏ္ဏခွာနီး (Focus Daily)နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော လင်းလင်း (Floral Service)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော Dagon ပုံနှိပ်တိုက်၊ Novotel Yangon Max Hotel မှ Manager နှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၁-၂-၂၀၁၅ရက်တွင် Sedona Hotel(Pool Side)၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် Sedona Hotel မှ Manager နှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေး ပါသော SIGNATURE Weddings & Events Planning၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုး မိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ဝဏ္ဏစိုး-မမွန်မြတ်ခိုင်



Tel : 01-558919, 09-250001924, 09-73165476, 09-254374285, 09-31481732

Ph: 209077, 209388, 09-73167000, 09-73168000

Super Car Rental

ပြည်သူ့ဘဝတိုးတက်ရေးအတွက် အခွန်ပိုင်းဆိုင်ရာ ပန်ကြားချက်

အခွန်ဟူသည် အများပြည်သူ၏ လူနေမှုဘဝ လုံခြုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောက်ခံအသုံးပြုသောငွေပင် ဖြစ်ပါသည်။

အခွန်ငွေကို သုံးစွဲ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ ထူထောင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေး၊ လူမှုဖူလုံရေးအစရှိသည့်စနစ်များ ထူထောင်တည်ဆောက်ခြင်း စသည်ဖြင့် ပြည်သူ့ဘဝတိုးတက်ရေးအတွက် ဘက်စုံမှဆောင်ရွက်ရသည်ဖြစ်ရာ အခွန်ငွေရရှိမှု အားနည်းသည်နှင့်အမျှ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အားနည်းသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အခွန်ဥပဒေများနှင့်အညီ ပေးဆောင်သင့်သော အခွန်များကို ပေးဆောင်ကြရေးအတွက် ဝိုင်းဝန်းကူညီကြပါရန်နှင့် အခွန်ရှောင်နေသူများ အထူးအားဖြင့် အခွန်ပေးဆောင်ထားခြင်းမရှိသည့် မှောင်ခိုကုန်များ သိုလှောင်၊ ရောင်းဝယ်၊ ဖောက်ကားခြင်းများကို စည်းရုံးတားဆီးခြင်း၊ သတင်းပေးပို့ခြင်းများဖြင့် အကူအညီပေးနိုင်ပါရန် မေတ္တာရပ်ခံပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ဝယ်လိုသည်

ကားအပ်ပြီးစလစ်၊
ယာဥ်အိုယာဥ်ဟောင်းအပ်ကား။
Ph:09-448007377

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက်အမှတ်-၁၈၇/က၊ မြေကွက်တည်နေရာအမှတ်-၁၈၇/က၊ ပိတောက်လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ဦးမျိုးမော်) အမည်ပေါက် ပါမစ်မြေအား ဒေါ်စန္ဒာမြင့်[၁၂/မဘန(နိုင်)၀၇၀၅၃၅]က အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်အစပ်တင်ပြ၍ ပါမစ်မူရင်းတွင် မိသားစု ဓာတ်ပုံ(၁)ပုံနှင့် ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MRF မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ရုံးအဖွဲ့မှူးတာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

အဆင့်မြင့် ရာထူးတာဝန်ဖြစ်၍ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး စသောအတွေ့အကြုံများအပြင် ဆန်စပါး/လယ်ယာကဏ္ဍတို့နှင့်ပတ်သက်သော အတွေ့အကြုံများ၊ နိုင်ငံတကာဆက်ဆံရေး၊ အဖွဲ့အစည်းနှင့်ဝန်ထမ်းများကို ဦးဆောင်ရေး၊ အဖွဲ့အစည်း၏ဘဏ္ဍာရေးနှင့် ငွေကြေးစီမံခန့်ခွဲရေး စသောအတွေ့အကြုံများ လိုအပ်ပါသည်။

- ဘွဲ့ရ
- အင်္ဂလိပ်စာ(အရေး၊ အဖတ်၊ အပြော)/ကွန်ပျူတာကျွမ်းကျင်
- အသက် ၄၀ နှစ်မှ ၆၅ နှစ်အတွင်း
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်
- ပြည်တွင်း/ပြည်ပခရီးသွားနိုင်ရမည်

စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ CV၊ မကြာမီကရိုက်ကူးထားသောဓာတ်ပုံ၊ ကိုယ်တိုင်ရေးလျှောက်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူအပါအဝင် အခြားအထောက်အကူပြု စာရွက်စာတမ်းများဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာ
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
UMFCCI Office Tower အခန်း(၉၀၁-၉၀၃)၊ အမှတ်(၂၉)၊
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

UMG Myanmar Co., Ltd.
UMG
Logistics Training Development Program

ကန့်ကွက်နိုင်ပါသည်

အိမ်အမှတ်-၁၉၁/၁၉၂/၁၉၃၊ လေဆိပ်လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်ကို စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူကာ လက်ရှိ/လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ ပိုင်ရှင်ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်လင်း [၁၂/ဥကတ(နိုင်) ၀၈၉၉၈၃] မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်နှင့်မြေကိုဝယ်ယူရန် စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေကို ဥပဒေနှင့်အညီ တရားဝင် အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)	**ဦးသိန်းညွန့်**
BSc, DA, HGP, R.L, DBL, DML, DIL	**BA, HGP, R.L, DBL, DML, DIL**
ဒေါ်ချောချောအေး LL.B (စဉ်-၂၇၄၆၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)**
ဒေါ်ဝါဝါစံ LL.B (စဉ်-၂၇၈၆၀)	**အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း**
အထက်တန်းရှေ့နေများ	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၁၀၁၅၂၅၅	**ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၁၀၇**

ကြော်ငြာ

IT COMPUTER TRAINING CENTER

ENGLISH Language | AutoCAD - 3ds Max | VIDEO EDITING | Computer Basic | LCCI I-II

MOBILE PHONE Software + Hardware | DESKTOP PUBLISHING | Service Technician | GRAPHIC DESIGN

HOT LINE - 09492290778, 395353, 253293 40%



STI MYANMAR UNIVERSITY

(က) Bachelor of Business Administration (BBA)
- Management

(ခ) Bachelor of Engineering (BE)
- Civil and Architectural Engineering

Apply Now!

STI Myanmar University

မေတ္တာရှင်(ရွှေပြည်သာ)ဖောင်ဒေးရှင်းနှင့် ရွှေပြည်သာစာပေ ဦးဆောင်သူ ပြောင်းလဲခြင်း

စာရေးဆရာမေတ္တာရှင်(ရွှေပြည်သာ)သည် ရဟန်းဘဝမှ စွန့်လွှတ်၍ စာရေးဆရာစစ်စစ်ဘဝသို့ ရောက်ရှိလာချိန်၌ ရဟန်းဘဝစွန့်လွှတ်ခြင်း ရည်ရွယ်ချက်ဖြစ်သည်။ ပရဟိတလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်နှင့် ရသစာပေစစ်စစ်များကို ကြိုးစားဖန်တီးရေးသားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ကို ပရိသတ်များသို့ အသိပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ၌ စာရေးဆရာမေတ္တာရှင် (ရွှေပြည်သာ)သည် ယခင် ဦးဆောင်ဦးရွက်ပြုခဲ့သော ညီဖြစ်သူ ဦးစိုးတင့် (စာရေးဆရာ ညီမေတ္တာ)၏ မေတ္တာရှင် (ရွှေပြည်သာ) ဖောင်ဒေးရှင်းကို ဥက္ကဋ္ဌနေရာမှ ကိုယ်တိုင်ဦးဆောင်၍ လုပ်ကိုင်မည်ဖြစ်သလို မေတ္တာရှင်ဘာသာယဉ်ကျေးမှု မဂ္ဂဇင်းနှင့်ရွှေပြည်သာစာပေကို ဦးစီးထုတ်ဝေသွားမည် ဖြစ်ပါသည်။

ထို့ကြောင့် ရွှေပြည်သာစာပေနှင့် ယခင်ပြုခဲ့သော ပရဟိတလုပ်ငန်းများနှင့် လှူဒါန်းမှုများကို စာရေးဆရာမေတ္တာရှင် (ရွှေပြည်သာ)က လွှဲပြောင်းရယူ၍ လုပ်ကိုင်မည်ဖြစ်ကြောင်း အလှူခံ၊ အလှူရှင်တို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ညီဖြစ်သူ ဦးစိုးတင့်(ညီမေတ္တာ)ကလည်း ညီမေတ္တာ ရသစာပေတိုက်မှ ရသစာအုပ်များကို ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးစိုးတင့် (ညီမေတ္တာ)

ချောက်မြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပပါမည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသားများနှင့် ချောက်မြို့နယ်သူ/သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာ ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။

အမှုဆောင်အဖွဲ့၊ ချောက်မြို့နယ်အသင်း(ရန်ကုန်)

လူပျောက်ကြော်ငြာ

အဖ ဦးဖေဝင်း၊ အမိ ဒေါ်ခင်နွဲ့တို့၏သားဖြစ်သူ မောင်ရဲဝင်းထွန်း[၁၂/ဒလန(နိုင်)၀၆၃၂၈၆]သည် အိမ်အမှတ်(၇၁၇-ခ)၊ ဇလပ်ဖြူလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နေအိမ်မှ ၃၁-၁-၂၀၁၅ ရက်၊ ညနေ ၅ နာရီခန့်တွင် ကျူရှင်သွားရာမှ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးမြင့်စိုး ဖုန်း-၀၉-၄၄၈၀၀၀၈၀၉

တိုက်ခန်းရောင်းမည်

ပေ(၁၅×၇၀)၊ (၆လွှာ)၊ တာမွေ ၁၆၆လမ်း။

ဖုန်း-၀၉-၇၃၀၅၆၅၃၈၊ ၀၉-၄၂၈၂၁၅၁၅၅

မိခင်အမည်မှန်

ကမာရွတ်မြို့နယ်၊ အထက(၄)၊ Grade-7 (B)၌ ပညာသင်ကြားနေသော မောင်ဇော်လင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်ဇင်မာရီ ဖြစ်ပါသည်။

ဒေါ်ဇင်မာရီ[၁၁/တကန(နိုင်)၀၆၇၁၀၆]

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၈၃၃၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အထူးကိုယ်စားလှယ်လွှဲစာများ ပယ်ဖျက်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၃၇၇-၃၇၉/၃ တွင် ရုံးခန်းတည်ရှိသော-

(၁) သိန်းသန်းသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ (၂) တော်ဝင်မြစ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်နှင့် (၃) ဇမ္ဗူရတနာကုမ္ပဏီ လီမိတက်

တို့၏ **အုပ်ချုပ်မှုဒါရိုက်တာဦးမျိုးမြင့်[၇/ဒဥန(နိုင်)၀၃၂၈၃၉]မှ ဦးလှမြင့်[၁၂/မဂဒ(နိုင်)၀၅၂၂၈၀]** အမှတ်-၃၂၁၊ ခိုင်သဇင်လမ်းသွယ်၊ ပုလဲ(၃)၊ ပုလဲမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူအား နိုတြီပဗ္ဗလစ် ဒေါ်သိန်းဟန်ရှေ့မှောက်တွင် လွှဲအပ်ခဲ့သော ၃၀-၈-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်စဉ်-၈၃/၂၀၁၂နှင့် ၁၃-၉-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင် အမှတ်စဉ်-၆၁/၂၀၁၂နှင့် ၆၂/၂၀၁၂တို့အား ယခုကြေညာသည့်နေ့မှစ၍ ခြွင်းချက်မရှိ ပယ်ဖျက်ရုပ်သိမ်းလိုက်ပါကြောင်း ဦးလှမြင့်နှင့်တကွ သက်ဆိုင်သူများသိစေရန် ကြေညာလိုက်ပါသည်။ **အုပ်ချုပ်မှုဒါရိုက်တာဦးမျိုးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)
B.A(Law),LL.B,D.B.L,D.M.L,
Ph:09-5108521

ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)
LL.B,D.B.L,D.M.L,D.I.L,
Ph:09-5015316

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၆၂၊ ပထပ်၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

UMG Myanmar Co., Ltd.

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) တိုက်ခန်းသစ်၊ (12.5'×50') ပထမထပ်၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ လမ်းကျယ်၊ ရပ်ကွက်သန့်၊ ဈေးနီး၊ ကျောင်းနီး။ **ရောင်းဈေး သိန်း(၅၅၀)**

(၂) ကြို့ပွိုင့်၊ ၅-လွှာ၊ သဒ္ဒါရုံ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။

ဖုန်း-၀၉-၄၂၁၁၅၆၉၈၇

TOP THREE COMPANY LIMITED

CITY, CITY ENGINE OIL

7 Angles TRAVELS & TOURS

BEAUTIFUL MEMORIES TRAVELS & TOURS
9 - 22 April 2015 | 13 ည / 14 ရက်

Hot Line 09 73 11 9933

ATTOLLO
01-389187, 09-32109138, 09-795418474
Feb 21 | Feb 25
Feb 21 | Feb 27
Feb 28 | Mar 26
Feb 27 | Mar 26
YOUR RELIABLE ONE FOR TRAVEL TO BE HAPPY!

Top Ten ... All D

Q . E . L . C
Summer English for Children
(Age 5-15) March (9)

SAMPAR Oo
soft drink

FDA ... 230 ml, 330 ml

အမည်မှန်

တာမွေမြို့နယ်၊ အလက(၁)သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော မောင်မျိုးလှိုင်ဝင်းနှင့် ဗိုလ်တထောင်မြို့နယ်၊ အထက(၃) ပဉ္စမတန်း(D)တွင် ပညာသင်ကြားနေသော မဇင်မာသက်တို့၏ ဖခင်ဖြစ်သူ ဦးကျော်သက်ဆွေ၏အမည်မှန်မှာ ဦးသက်ဆွေ[၇/ကဝန(နိုင်)၀၉၅၈၄၁] ဖြစ်ပါသည်။

ဦးသက်ဆွေ[၇/ကဝန(နိုင်)၀၉၅၈၄၁]

ပထမဦးဆုံး **ဦးထွန်းဦး+ဒေါ်ဝင်းမာ**

T.V (ရန်ကုန်)

အမျိုးသား/အမျိုးသမီး

ကားမောင်းစက်ပြင်သင်တန်း

(၁)မဆလာစက်မှတ်တိုင်ရှေ့
(၂)၉၇/၉၉၊ ဗညားဒလလမ်း၊ (၁၂၄)လမ်းမှတ်တိုင်အနီး။
(၃)မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။
Ph: 09-5041550,09-421150033, 09-73044311,
09-420066955,09-260111942 (မ/ဒဂုံ)

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင် T.V(ရန်ကုန်)နှင့်သင်လိုက်ပါ။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသန်းလှိုင်
အသက်(၆၂)နှစ်

ဗိုလ်ကြီးသော်ဇင်အောင်(ငြိမ်း)Managing Director TZA Co., Ltd ၏ချစ်လှစွာသောဖခင် ဘုရား၊ ရဟန်းဒါယကာကြီး ဦးသန်းလှိုင်သည် ၁၁-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ကြီးထွန်းထွန်းလင်း(ငြိမ်း)-ဒေါ်ဖြိုးဝေမြင့်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသန်းလှိုင် (၆၂)နှစ်

ဗိုလ်ကြီးသော်ဇင်အောင်(ငြိမ်း) Managing Director TZA Co.,Ltd ၏ချစ်လှစွာသောဖခင် ဘုရား၊ ရဟန်းဒါယကာကြီး ဦးသန်းလှိုင်သည် ၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

